မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်၊ ၂၀၁၁ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၀၁)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
* ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်များစွာရရှိနေ မိမိတို့အစိုးရလက်ထက်တွင် ယင်းအမွေခံကောင်းများကိုဆက်ခံပြီး ပိုမိုတိုးတက်အောင်ဆောင်ရွက်

ရေခြားမြေခြား တသီးတခြားစိတ်ဓာတ်များပျောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်များ ပေါ်ပေါက်လာအောင်၊ တစ်ရေတည်း တစ်မြေတည်း၊ တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင်ဆောင်ရွက်

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး(၁/၂၀၁၁)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၁၁)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အစည်းအဝေးသို့ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ အဖွဲ့ဝင်များဖြစ်ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ *

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသများတွင် တစ်ဖက်နိုင်ငံကို အထင်ကြီးအားကိုးသည့်စိတ်များ ပျောက်အောင်၊ တစ်ဖက်နိုင်ငံထက် သာလွန် ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်နိုင်ငံ ကိုယ့်ဒေသအပေါ် ချစ်ခင်မြတ်နိုးပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့် အတူ ယုံယုံကြည်ကြည် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လာအောင်၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်စေလိုသည့် မိမိတို့၏စေတနာကို နားလည်သဘောပေါက် ယုံကြည်လက်ခံလာအောင် လက်တွေ့လုပ်ကိုင်ပြသ။

မြန်မာ့အလင်း

(၂၀၁၁ ခုနှစ် ဧပြီ ၂၄ ရက်)

ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝမြင့်မားရေး ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ်

နိုင်ငံတော်အစိုးရသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်ရာတွင် နိုင်ငံတစ်ဝန်းတစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများကို တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် လူမှုရေးအဆင့်မြင့်မားတိုးတက်ရေးကို ကြိုးပမ်းဖော်ဆောင်ရာတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကလိုအပ်ချက်ဖြစ်သည်။ ကျေးလက်ဒေသနှင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတစ်ဝန်း၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ပြည်သူများ စာပေဗဟုသုတတိုးပွားပြီး အသိပညာမြင့်မားရေးအတွက် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖွင့်လှစ်ပေးပြီး စာကြည့်တိုက်များရေရှည်တည်တံ့ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

စာကြည့်တိုက်များတိုးချဲ့ဖွင့်လှစ်နိုင်ခြင်းသည် ကျေးလက်ပြည်သူများ၏ စာပေဖတ်ရှုလေ့လာမှု၊ အသိပညာဗဟုသုတတိုးပွားမြင့်မားမှုအတွက် များစွာအထောက်အကူဖြစ်စေသည်။ မြန်မာနိုင်ငံ၏ လူဦးရေ ၇၀ရာခိုင်နှုန်းသည် ကျေးလက်ပြည်သူများဖြစ်ကြရာ ကျေးလက်ပြည်သူများ ပညာဗဟုသုတတိုးပွားရေးအတွက် ကျေးလက်စာကြည့်တိုက်များက ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ အကောင်အထည်ဖော်ရာ၌ စာကြည့်တိုက်များသည် အထောက်အကူပြုနိုင်ပြီး ခေတ်နှင့်အညီဖြစ်ပေါ်တိုးတက်နေသော အခြေအနေအရပ်ရပ်ကို စာပေဗဟုသုတများမှတစ်ဆင့် ရှာဖွေဖတ်ရှု လေ့လာသိရှိနိုင်ကြမည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် ကျေးလက်စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေး၊ လူ့အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်ဖောင်ဒေးရှင်းကို ဖွဲ့စည်းထားပြီးဖြစ်ရာ ယင်းဖောင်ဒေးရှင်းကြီးသည် ကျေးလက်ပြည်သူများစာဖတ်ရှိန်မြင့်မားပြီး စာပေကို စွဲစွဲမြဲမြဲဖတ်ရှုသည့်အလေ့အကျင့်များ ရရှိစေရန် အထောက်အကူပြုလျက်ရှိသည်။

သို့ဖြစ်ပေရာ အနာဂတ်နိုင်ငံတော်အကျိုးအတွက် ကျေးလက်စာကြည့်တိုက်များ တိုးမြှင့်ဖွင့်လှစ်ခြင်းဖြင့် ကျေးလက်ပြည်သူများ စာပေဗဟုသုတပြည့်ဝလာမည်ဖြစ်ပြီး ခေတ်အမြင်၊ ခေတ်အသိအတွေးအခေါ်များ တိုးတက်ရရှိလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဧပြီ ၁၇ရက် မြန်မာနှစ်ဆန်း တစ်ရက်က ပုသိမ်မြို့ အမှတ် ၄၉ တာဝတီံသာလမ်းနေ ဦးလှကြည် (စာရေးဆရာပုသိမ်လှကြည်)-ဒေါ်မြမြဝင်း၊ သား ကိုနေမျိုး၊ ကိုဆွေမျိုး၊ ကိုတင်လှဝင်းဌေး၊ သမီး မသင်းသင်းလှ၊ မမွေးမွေးလှ မိသားစုက နှစ်ဦးအလှူအဖြစ် ကျောင်းနေအရွယ်ကလေးများအတွက် ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ လှူဒါန်းစဉ်။ (၀၇၇)

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ) နှစ်ပတ်လည်ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်နေ့ မသန်စွမ်းသူများ စုံညီတွေ့ဆုံပွဲကို မေလတွင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်ရာ အဆိုပါ အခမ်းအနားတွင် မသန်စွမ်းသူများအတွက် ရာသက်ပန်ပညာသင်ဆုများထောက်ပံ့ခြင်း၊ အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်းနှင့် မသန်စွမ်းအဖွဲ့အစည်းများအား ပံ့ပိုးပေးခြင်း အစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး မသန်စွမ်းသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)ရုံးချုပ် အမှတ်၇၉၇ အခန်း ၁၀၄-ဘီ ဗိုလ်ချုပ်အောင်ဆန်းလမ်း (ဝါးတန်းလမ်းထောင့်) မြန်မာ့အလှတာဝါ(၂) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၁၅၉၃၉၊ ၀၁-၂၂၉၀၈၇၊ ၀၁-၂၂၂၉၂၃၊ ၀၉-၅၁၀၃၇၂၅နှင့် ၀၉-၅၀၄၂၆၂၁တို့ထံသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်းနှင့် စေတနာရှင်ပြည်သူများအနေဖြင့်လည်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ရွှေမင်းသားဖောင်ဒေးရှင်း)

သင့်သွေးဖြင့် အသက်ကယ်ပါ

ဧပြီ ၁၂ ရက်က မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသင်းဌေးရွှေနှင့် ခရိုင်မီးသတ်ဦးစီးဌာနမှူး ဦးသန်းနိုင်တို့ ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မီးသတ်စခန်းရှိ မီးသတ်ယာဉ်များနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စခန်းတာဝန်ခံ ဦးထွန်းသိန်းက ရှင်းလင်းတင်ပြစဉ်။

(မြန်မာ့အလင်း)

အရည်အသွေးကောင်းစပ်မျိုးစပါးများ ဒဂုံမြို့သစ်မြို့နယ်များ၌စိုက်ပျိုး တစ်ဧကလျှင် တင်း ၂၀၀ ကျော်ထွက်ရှိနိုင်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြို့နယ်များတွင် ဆောင်ရွက်လျက်ရှိသည့် ခေတ်မီစက်မှုလယ်ယာစံပြစိုက်ပျိုးရေးအထူးဇုန်များ၌ ဆင်းရွှေလီကုမ္ပဏီက စိုက်ပျိုးထားရှိသည့် အရည်အသွေးကောင်း စပ်မျိုးစပါးစံပြစိုက်ကွက်များသို့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် (၁၈)မြို့နယ်မှ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဝန်ထမ်းများ အပါအဝင် တောင်သူလယ်သမားများ စုစုပေါင်း ၁၈၀သည် ဧပြီ ၂၁ရက်နံနက်ပိုင်းတွင် သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းဆွေးနွေး

အဆိုပါ လေ့လာရေးအဖွဲ့အား မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းဒေသကြီးမန်နေဂျာ ဦးတင်အောင်ဝင်းက စပါးတစ်ဧကလျှင် တင်း ၁၀၀နှုန်းအထက် ထွက်ရှိရန် လိုက်နာဆောင်ရွက်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄)ချက်ကို ရှင်းပြပြီး ပျိုးထောင်စိုက်ပျိုးခြင်း စနစ်သည် တိုက်ရိုက်အစေ့ချနှင့် ကြဲခင်းစနစ်ထက် တစ်ဧကလျှင် အထွက်နှုန်း တင်း ၂၀ မှ ၃၀ အထိ ပိုမိုထွက်ရှိကြောင်း၊ စီးပွားရေးတွက်ခြေကိုက်ကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် ဆင်းရွှေလီကုမ္ပဏီ၏ စိုက်ခင်းတာဝန်ခံ ဦးစိုးဝင်းက ၂၀၁၀-၂၀၁၁ခုနှစ် နွေစပါးရာသီတွင် အရည်အသွေးကောင်း စပ်မျိုးစပါးများ စိုက်ပျိုးထားရှိမှု အခြေအနေနှင့် တောင်သူလယ်သမားများသို့နည်းပညာ ပံ့ပိုးကူညီပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ စပ်မျိုးစပါးများသည် တစ်ဧကလျှင် စပါး အထွက်နှုန်း တင်း၂၀၀ အထက်ထွက်ရှိနိုင်ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဓာတုဗေဒ(ပထမနှစ်) ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တက္ကသိုလ်(ဗိုလ်တထောင်နယ်မြေ)တွင် ၁၉၈၃-၈၄ခုနှစ်၌ ဓာတုဗေဒ(ပထမနှစ်)ကို တက်ရောက်ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မေဒေးနေ့မိတ်ဆုံစားပွဲကို အမှတ် (၁၆၄/၁၆၈) အထက်ဝါးတန်းလမ်း လမ်းမတော်မြို့နယ်ရှိ New Doreen စားသောက်ဆိုင်၌ မေ ၁ရက် ညနေ ၅နာရီ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အသေးစိတ်သိရှိလိုပါက ကိုအောင်မြင့် ဖုန်း-၀၉-၅၁၁၈၉၄၅၊ ကိုကျော်ဦးမော် ဖုန်း-၀၉-၅၀၀၇၆၂၁၊ မဖြူဖြူအေး ဖုန်း-၀၉-၄၉၂၂၄၅၃၂၊ မငြိမ်းငြိမ်း ဖုန်း-၀၉--၅၁၆၄၇၃၄၊ မလွင်လွင်ဦး ဖုန်း-၀၉-၅၀၆၀၅၀၃တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၁၁) သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

နယ်စပ်ဒေသနေ ကိုယ့်သွေးချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်စေရန် စေတနာအပြည့်ထားဆောင်ရွက်

နယ်စပ်ဒေသအရောက် ကွင်းဆင်းပြီး တကယ့်တကယ် လမ်းပန်းဆက်သွယ်မှုများကောင်းလာအောင်

ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်

✱ ရွှေဖုံးမှ

အစည်းအဝေးတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရ လက်ထက်တွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှု Peace and Stability ရှိရေးသည် အဓိကအရေးအကြီးဆုံးအချက်ဖြစ်ကြောင်း။

အထူးအလေးထား

လူမျိုးပေါင်း (၁၀၀) ကျော်ဖြင့် စုစည်းနေထိုင်လာခဲ့ကြသည့် မိမိတို့နိုင်ငံအနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိလျှင် တည်ငြိမ်အေးချမ်းမှု Peace and Stability လည်း မရရှိနိုင်သည့်အတွက် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်အောင် တည်ဆောက်ရေးကို အထူးအလေးထားပြီး အစိုးရအဆက်ဆက် ဆောင်ရွက်လာခဲ့ကြရခြင်းဖြစ်ကြောင်း။

လွတ်လပ်ရေးရပြီးနောက်ပိုင်း တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုမရှိခဲ့ကြသဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရမည့်အစား နယ်စပ်ဒေသများတွင် သောင်းကျန်းသူမျိုးစုံ ပေါ်ပေါက်ခဲ့သည့်အတွက် နယ်စပ်ဒေသများမှာ ဖွံ့ဖြိုးတိုးတက်မှုများစွာ နောက်ကျကျန်ရစ်ခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ဒို့တာဝန်အရေးသုံးပါး

ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို တိုင်းပြည်၏ မူဝါဒအဖြစ်ချမှတ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုပြိုကွဲလျှင် ပြည်ထောင်စုကြီးလည်း အစိတ်စိတ်အမွှာမွှာပြိုကွဲပြီး အချုပ်အခြာအာဏာပါ လက်လွတ်ဆုံးရှုံးသွားနိုင်သည့်အတွက် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရအောင် မူဝါဒတစ်ရပ်ချမှတ်ပြီး တိုင်းရင်းသားအများစု နေထိုင်ကြသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း။

၁၉၈၉ ခုနှစ်၊ မေလအတွင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီကို စနစ်တကျဖွဲ့စည်းပြီး ဝန်ကြီးဌာနတစ်ခုကိုပါ တိုးချဲ့ဖွဲ့စည်းဆောင်ရွက်ခဲ့သည့်အတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများမှာ အရှိန်အဟုန်များစွာ ရရှိနေပြီဖြစ်ကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် ယင်းအမွေခံကောင်းကို ဆက်ခံရယူပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားရန် တာဝန်ရှိလာခဲ့ပြီဖြစ်ကြောင်း။

ထိထိရောက်ရောက်

ဤတာဝန်ကို ဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပြည်ထောင်စုအဆင့်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနတစ်ခုရှိနေပြီဖြစ်သည့်အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်များတွင်လည်း လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများ ရှိနေပြီဖြစ်သည့်အတွက် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်တို့ ညှိနှိုင်းပေါင်းစပ်ပြီး ဆောင်ရွက်ပေးနိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီကို အသစ်ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီး ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း။

တိုင်းရင်းသားနယ်မြေများအလိုက် ရေမြေသယံဇာတ၊ သဘာဝအရင်းအမြစ်များ မတူကြဘဲ ကွဲပြားခြားနားမှုရှိကြမှာဖြစ်သော်လည်း ဆူကြိုနိမ့်မြင့်ကွာဟမှု နည်းနိုင်သမျှ နည်းပါးစေရန် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍအသီးသီးကို တိုးမြှင့်ဆောင်ရွက် ပေးသွားကြရမှာဖြစ်ကြောင်း။

ကာကွယ်စောင့်ရှောက်

ရေခြားမြေခြား တသီးတခြားစိတ်ဓာတ်များပျောက်ပြီး ပြည်ထောင်စုစိတ်ဓာတ်များ ပေါ်ပေါက်လာအောင်၊ တစ်ရေတည်း တစ်မြေတည်း၊ တစ်ဆက်တစ်စပ်တည်းဖြစ်သွားအောင် အထူးသဖြင့် လမ်းပန်းဆက်သွယ်မှုများ ကောင်းမွန်အောင်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်၊ ပညာရေး၊ ကျန်းမာရေး အဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးမှသာ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲပြီး ပြည်ထောင်စုကြီးမပြိုကွဲမပျက်စီးအောင် ကာကွယ်စောင့်ရှောက်သွားနိုင်မှာ ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရ၏ အာဏာစက်သည် နယ်စပ်ဒေသအစွန်အဖျားအထိ တစ်တိုင်းတစ်ပြည်လုံး ပျံ့နှံ့ရောက်ရှိရန် အရေးကြီးကြောင်း၊ သို့မှသာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ကို ပီပြင်အောင် ဆောင်ရွက်နိုင်မှာဖြစ်ပြီး တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် နယ်စွန်နယ်ဖျားများတွင် မြို့နယ်ခွဲများကို ဖွဲ့စည်းပေးထားပြီးဖြစ်ကြောင်း၊ မြို့နယ်ခွဲဆိုသော်လည်း မြို့နယ်တစ်ခုကဲ့သို့ပင် အင်္ဂါစုံအောင်ဖွဲ့စည်းပေးထားပြီးဖြစ်သည့်အတွက် မြို့နယ်ခွဲများ၏ လုပ်ငန်းများ ထိရောက်အောင်မြင်အောင် ကြိုးကြပ်ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

လက်တွေ့လုပ်ကိုင်

နယ်စပ်ဒေသများတွင် တစ်ဖက်နိုင်ငံကို အထင်ကြီးအားကိုးသည့်စိတ်များ ပျောက်အောင်၊ တစ်ဖက်နိုင်ငံထက် သာလွန်ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်နိုင်ငံ ကိုယ့်ဒေသအပေါ် ချစ်ခင်မြတ်နိုးပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်အတူ ယုံယုံကြည်ကြည် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လာအောင်၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေလိုသည့် မိမိတို့၏ စေတနာကို နားလည်သဘောပေါက် ယုံကြည်လက်ခံလာအောင် မိမိတို့ လက်တွေ့လုပ်ကိုင်ပြသကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြပြီး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးက ပြည်ထောင်စုအစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြသည်။

ဖြည့်ဆည်းဆောင်ရွက်

တင်ပြချက်များနှင့်စပ်လျဉ်း၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဗဟိုကော်မတီ၌ နိုင်ငံတော်အကြီးအကဲကိုယ်တိုင်တာဝန်ယူပြီး တိုးတက်အောင်မြင်အောင် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါကြောင်း၊ မူဝါဒနှင့် လုပ်ငန်းစဉ်များကို ဗဟိုကော်မတီက ချမှတ်ပေးပြီး ၎င်းမူဝါဒများ၊ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းကော်မတီက ဆက်လက်အကောင်အထည်ဖော်ခဲ့ပါကြောင်း၊ ယခုအစည်းအဝေးသည် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ ပထမဆုံး အစည်းအဝေးဖြစ်ရာ ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆက်စပ်မိသွားအောင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ယခုအခါ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနများ ဖွဲ့စည်းပေါ်ပေါက်လာပြီဖြစ်သည့်အတွက် လုပ်ငန်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်က လုပ်ဆောင်ရန်များ၊ ဆပ်ကော်မတီ၊ လုပ်ငန်းကော်မတီများက လုပ်ဆောင်ရန်များ စသည်ဖြင့် တိတိကျကျသတ်မှတ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ရောက်ရှိသည့်အခါ ပြန်လည်တိုင်ပင်ညှိနှိုင်းပြီး လုပ်ဆောင်ရန်များ၊ လုပ်ဆောင်မည့်နည်းလမ်းများ၊ လုပ်ငန်းတာဝန်ခွဲဝေမှုများ၊ လုပ်ငန်းကော်မတီအနေနှင့် လုပ်ဆောင်ရန်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဆက်စပ်လုပ်ဆောင်မည့်နည်းလမ်းများ စသည်တို့ကို ပီပီပြင်ပြင်ဖြစ်အောင် စီမံဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ကျယ်ပြန့်ပြီး အခြေခံကျသော လုပ်ငန်းများဖြစ်သည့်အတွက် ဗဟိုကော်မတီ၌ နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌအဖြစ်တာဝန်ယူပြီး ဒုတိယဥက္ကဋ္ဌများအဖြစ် ဒုတိယသမ္မတနှစ်ဦးက တာဝန်ယူ၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

နယ်စပ်ဒေသများ၌ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် မိမိတို့နိုင်ငံ လွတ်လပ်ရေးရပြီးနောက်ပိုင်း စည်းလုံးညီညွတ်မှုမရှိခဲ့ဘဲ လက်နက်ကိုင်ဆူပူသောင်းကျန်းမှုများ ပေါ်ပေါက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် ဟိုတုန်းကအမှားများ၊ ဖြစ်ရပ်ဆိုးများအတွက် သင်ခန်းစာယူ သံဝေဂရသင့်ကြပြီဖြစ်ကြောင်း၊ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များ ပပျောက်သွားစေရန် ကုစားပေးနိုင်သည့် လုပ်ငန်းများမှာ ယနေ့ဖော်ဆောင်လျက်ရှိသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများသာဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ပြည်ထောင်စုကြီးအတွင်း ရေခြား၊ မြေခြားဖြစ်နေသည့် ဒေသများကို တစ်ဆက်တစ်စပ်တည်းဖြစ်အောင် ဆက်စပ်ပေးရမှာဖြစ်ကြောင်း၊ အပြန်အလှန်ကူးသန်းသွားလာဆက်သွယ်နိုင်အောင် လမ်း၊ တံတားများဖောက်လုပ်ပေးပြီး အချင်းချင်းအပြန်အလှန် ဆက်သွယ်ကူးသန်းသွားလာ ဆက်ဆံကြရာမှ တွေ့ဖန်များသည့်အခါ ရင်းနှီးလာမည်၊ မြင်ဖန်များသည့်အခါ ချစ်ခင်လာမည်ဖြစ်ပါကြောင်း။ *စာမျက်နှာ ၄ ကော်လံ ၁ သို့*

စာမျက်နှာ ၃ မှ

လမ်းပန်းဆက်သွယ်ရေးနှင့် ပတ်သက်၍ တပ်မတော်အစိုးရလက်ထက်က နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ သို့သော် ဖောက်ပြီးသားလမ်းများမှာ ကာလရှည်ကြာလာသည်နှင့်အမျှ ပျက်စီးချွတ်ယွင်းမှုများရှိလာပြီး ကူးသန်းသွားလာရေး အခက်အခဲကြုံတွေ့နေရသည်များလည်း ရှိပါကြောင်း၊ ထို့ကြောင့် ပျက်စီးချွတ်ယွင်းနေသည့် လမ်းဟောင်းများကို ကောင်းအောင်ပြုပြင်ရန် လိုအပ်ပါကြောင်း၊ တစ်ဖက်က လမ်းသစ်များကို တွန်းတွန်းတိုက်တိုက် ဖောက်လုပ်သွားချိန်တွင် အခြားတစ်ဖက်ကလည်း ပျက်စီးချွတ်ယွင်းလာသည့် လမ်းဟောင်းများကို ကောင်းအောင်ပြုပြင်ပေးကြရမှာဖြစ်ပါကြောင်း၊ ထို့ပြင်လမ်းသစ်များကိုလည်း ဖောက်လုပ်သင့်သည့်နေရာများ ဦးစားပေးရွေးချယ်ပြီး ဆက်လက်တိုးချဲ့ဖောက်လုပ်ပေးသွားရမှာ ဖြစ်ပါကြောင်း။

အလားတူ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဒေသခံပြည်သူများ စီးပွားရေးဖွံ့ဖြိုးလာစေရန် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာမက စက်ရုံအလုပ်ရုံများပါ ဖြစ်ထွန်းပေါ်ပေါက်လာအောင် အားပေးမြှင့်တင် ဆောင်ရွက်ပေးကြရမှာဖြစ်ပါကြောင်း၊ စားဝတ်နေရေး ဖူလုံပြည့်စုံရေး၊ ထိုမှတစ်ဆင့်တက်၍ ချမ်းသာကြွယ်ဝရေးအတွက် သမားရိုးကျ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် စက်မှုလုပ်ငန်းများပါ ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း။

လေ့ကျင့်ပျိုးထောင်

ပညာရေးနှင့်ပတ်သက်၍လည်း နယ်စပ်ဒေသများတွင် ယနေ့အထိ စာမတတ်သူ တော်တော်များများ ရှိနေပါကြောင်း၊ စာမဖတ်တတ်သည့် အတွက် အသိဉာဏ်မရှိ၊ အသိဉာဏ်မရှိသည့်အတွက် အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်းမရှိဘဲ ဥပဒေနှင့်ငြိစွန်းသည့်ကိစ္စ၊ မူးယစ်ဆေးဝါးကိစ္စများ၌ ပတ်သက်ကျူးလွန်မှုများ ဖြစ်ကြရပါကြောင်း၊ ထို့ကြောင့် နယ်စပ်ဒေသများတွင် ပညာရေးကို အလေးထားပြီး အသိပညာဗဟုသုတ မြင့်မားတိုးတက် မှန်ကန်လာအောင် ဆောင်ရွက်ပေးရမှာဖြစ်ပါကြောင်း၊ ပညာရေးကဏ္ဍ မြင့်မားလာရေးအတွက် စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်နိုင်အောင်၊ ပညာရေးဝန်ထမ်းများ၏ အုပ်ချုပ်မှုကိစ္စ အဆင်ပြေအောင်၊ စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းအောင် ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း၊ ထို့ပြင် အနုစ်သာရပိုင်း ကောင်းမွန်စေရေးအတွက် စည်းကမ်းရှိအောင်၊ ကိုယ်ကျင့်တရားကောင်းအောင်၊ တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ပါကြောင်း။

ထို့ပြင် နယ်စပ်ဒေသများ၌ ပညာရေးအဆင့်အတန်းမြင့်မားလာအောင် ဆောင်ရွက်ပေးသည့်နည်းတူ ကျန်းမာရေးကဏ္ဍကိုလည်း အဆင့်မြှင့်တင်ပေးရမှာ ဖြစ်ပါကြောင်း၊ ကျန်းမာရေး အသိဗဟုသုတနည်းပါးသည့်အတွက် ကျန်းမာရေးနှင့်ပတ်သက်၍ ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်ရန်၊ ဆောင်ရန်ရှောင်ရန်များ သင်ကြားပေးနိုင်ရန် လိုအပ်ပါကြောင်း၊ နယ်စပ်ဒေသရှိ ဆေးရုံ၊ ဆေးခန်းများမှ ဆရာဝန်များ၊ သူနာပြုများအနေဖြင့်လည်း သက်ဆိုင်ရာဒေသ၊ သက်ဆိုင်ရာမြို့နယ်အလိုက် ဒေသခံပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကောင်းဆုံးဖြစ်အောင် တာဝန်ယူစောင့်ရှောက်ကြရမှာ ဖြစ်ပါကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တတ်နိုင်သလောက် လုံခြုံစိတ်ချရသည့်ဒေသများ၊ ကျေးရွာများအရောက် ဆင်းကြရမှာဖြစ်ပါကြောင်း၊ ကျေးလက်ဒေသများ၏ ပတ်ဝန်းကျင်သန့်ရှင်းမှုဆိုင်ရာများကိုလည်း စနစ်တကျဖြစ်အောင် စည်းရုံးဆောင်ရွက်ကြရမှာဖြစ်ပါကြောင်း၊ ကျန်းမာရေးအသိဗဟုသုတနည်းပါးသည့် ပြည်သူများအတွက် ကျန်းမာရေးအဆင့်အတန်း မြင့်မားလာအောင်၊ ကျန်းမာရေးအသိပညာပြန့်ပွားလာအောင် လေ့ကျင့်သင်ကြားပေးကြရမှာဖြစ်ပါကြောင်း၊ နယ်စပ်ဒေသနေ ကိုယ့်သွေးချင်းတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် စေတနာအပြည့်ထားပြီး ဆောင်ရွက်ကြရမှာ ဖြစ်ပါကြောင်း၊ မိမိတို့ထားရှိသည့်စေတနာအပေါ် ဒေသခံများက ယုံကြည်စိတ်ချအားကိုးလာသည်နှင့်အမျှ လက်တွဲပူးပေါင်းဆောင်ရွက်မှုကို ရရှိလာနိုင်မှာဖြစ်ပါကြောင်း၊ မိမိတို့၏စေတနာ၊ မျှော်မှန်းချက်နှင့် ရည်ရွယ်ချက်များကို အချို့က နားလည်သဘောပေါက်မှုမရှိသေးသည့်အတွက် နယ်စပ်ဒေသအချို့တွင် ယနေ့အချိန်အထိ အခက်အခဲအချို့ ရှိနေရခြင်းဖြစ်ပါကြောင်း၊ မိမိတို့ထားရှိသည့် စေတနာ၊ မူဝါဒနှင့် ရည်မှန်းချက်များကို ဒေသခံပြည်သူများက နားလည်လက်ခံပြီး ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နှင့်အတူ ပူးပေါင်းလက်တွဲလုပ်ဆောင်လာကြပါက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအားလုံး ချောမွေ့အောင်မြင်လာမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် နယ်စပ်ဒေသများအရောက် ကွင်းဆင်းပြီး တကယ့်တကယ် လမ်းပန်းဆက်သွယ်မှုများ ကောင်းလာအောင်၊ ပညာရေးအဆင့်အတန်းမြင့်မားလာအောင်၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားလာအောင် ကြိုးပမ်းဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းများ ထိရောက်အောင်မြင်မှုရှိစေရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီက လမ်းညွှန်ချက်များ ချမှတ်ပေးပြီး ၄င်းလုပ်ငန်းစဉ်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်စပ်ဒေသနှင့်ပတ်သက်သည့် တာဝန်ရှိဝန်ကြီးဌာနများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များက လုပ်ဆောင်ရမည့်အပိုင်းများကို ပီပီပြင်ပြင်ဖြစ်အောင် ညှိနှိုင်းပြီး လုပ်ငန်းစဉ်များ ချမှတ်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးကို နံနက် ၁၀ နာရီခွဲတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ပေါင်းစပ်ညှိနှိုင်းမှု ကောင်းကောင်းဖြင့် တက်ညီလက်ညီဆောင်ရွက် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်သို့ မလွဲမသွေရောက်ရှိမည်

● *ကျောဖုံးမှ*

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အစီအစဉ်အရ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က အမှာစကားပြောကြားပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများက မိမိတို့ ဝန်ကြီးဌာနအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဗိုလ်မှူးချုပ်ဇော်မင်းက လမ်းများနှင့် ရေအားလျှပ်စစ်ဆိုင်ရာများကိုလည်းကောင်း၊ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက တံတားနှင့် နယ်စပ်ကုန်သွယ်ရေးဆိုင်ရာများကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက လမ်း၊ တံတားများ မီးလင်းရေး၊ ပညာရေး၊ ရေလှောင်တမံ၊ လျှပ်စစ်မြစ်ရေတင်နှင့် ရထားလမ်းပြုပြင်ခြင်းဆိုင်ရာများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းက မြစ်ကူးတံတားများနှင့် လမ်းများဆိုင်ရာ အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

အလွန်အရေးပါ

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရှင်းလင်းမှာကြားရာတွင် ယနေ့ရှင်းလင်းဆွေးနွေးသွားကြသည့် စီမံကိန်းကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသော စီမံကိန်းကြီးများဖြစ်ကြောင်း၊ တချို့ လုပ်လက်စ မပြီးပြတ်သေးသော လုပ်ငန်းများဖြစ်သကဲ့သို့ တချို့လည်း ယခုမှ စတင်ဆောင်ရွက်စလုပ်ငန်းများ ဖြစ်ကြောင်း၊ တချို့လုပ်ငန်းများမှာ အခြေအနေပေးလျှင်ပေးသလိုလုပ်ရန် စီမံထားသည့် လုပ်ငန်းများဖြစ်ကြောင်း။

ဖိဖိစီးစီးလုပ်ကိုင်

လုပ်လက်စ မပြီးပြတ်သေးသောလုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဖိဖိစီးစီးလည်း လုပ်ကိုင်ကြရန် မှာကြားလိုကြောင်း၊ စတင်ဆောင်ရွက်စလုပ်ငန်းများကိုလည်း လျာထားပေးနိုင်သည့် ဘတ်ဂျက်ပေါ်တွင်ကြည့်ပြီး အရေးကြီး လိုအပ်လျှင်လိုအပ်သလို ဦးစားပေးအဆင့်ခွဲပြီး လုပ်သွားရန်ဖြစ်ကြောင်း၊ လုပ်ငန်းကို ပြီးလိုဇောနှင့် အလောတကြီးမလုပ်ဘဲ လုပ်နိုင်သော ငွေကြေးအတိုင်းအဆပေါ်ကြည့်ပြီး လုပ်ကြရန်ဖြစ်ကြောင်း၊ တချို့လုပ်ငန်းများကို ဆက်လုပ်နိုင်အောင် အစပျိုးပေးထားရန်ဖြစ်ကြောင်း။

အချို့မလုပ်နိုင်သေးသည့် လုပ်ငန်းကြီးများကိုလည်း အခြေအနေပေးလျှင် လုပ်သွားနိုင်အောင် အထူးစီမံကိန်းကြီးများ အကောင်အထည်ဖော်ရေးလုပ်ငန်းအဖြစ် ထည့်သွင်းထားမှာဖြစ်ကြောင်း။

စစ်ဆေးကြပ်မတ်

စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ငွေကြေးသုံးစွဲမှုအပိုင်း၌ မကုန်သင့်သည်များကို မကုန်ကျရအောင် စိစစ်သုံးစွဲကြရန်လိုကြောင်း၊ အလေအလွင့်ဆုံးရှုံးမှုများ မရှိအောင်၊ မသမာမှုများ မပြုလုပ်နိုင်အောင် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် အောက်ခြေလုပ်ငန်းခွင်အထိ အရောက်သွားပြီး စစ်ဆေးကြပ်မတ်ပြုပြင်ပေးရန်လိုကြောင်း။

စည်းမျဉ်းစည်းကမ်း

လုပ်ငန်းခွင်လုံခြုံရေးနှင့် လုပ်ငန်းခွင် သက်သာချောင်ချိရေးတို့ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပြီး ရိုးသားကြိုးစားသော ဝန်ထမ်းများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မြှောက်စားကာ မသမာမှုပြုလုပ်သူ၊ အလွဲသုံးစားပြုလုပ်သူ၊ ကိုယ်ကျင့်တရား ပျက်ယွင်းသူများကိုလည်း ထိထိရောက်ရောက် အရေးယူသွားကြရန်လိုအပ်ကြောင်း။

ဗဟို၏ ဦးဆောင်စီမံခန့်ခွဲပေးမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှု၊ အချင်းချင်းပေါင်းစပ်ညှိနှိုင်းမှု ကောင်းကောင်းဖြင့် တက်ညီလက်ညီဆောင်ရွက်သွားပါက တိုင်းပြည်အလျင်အမြန်တိုးတက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဆင့်သို့ မလွဲမသွေရောက်မှာဖြစ်သည့်အတွက် အရှိန်အဟုန်မြှင့်ပြီး ကြိုးပမ်းအားထုတ်ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ တာပိန်(၁) ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံကို ဝေဟင်မှတွေ့ရစဉ်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး လက်ရှိစီမံကိန်း (၆၇)ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ စီမံကိန်းများပြီးစီးပါက စက်တပ်ဆင်အား ၄၅၃၇၈ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည်

ရှင်းလင်း တင်ပြ

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန် ကြီး ဌာန ပြည် ထောင် စု ဝန်ကြီးဦးဇော်မင်း ရှင်းလင်း တင်ပြ စဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်က ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏(၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းက နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှု အခြေအနေ၊ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ စက်ရုံ ၁၇ ရုံ၏ စုစုပေါင်းစက်တပ်ဆင်အား ၂၅၇၁ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၁၃၀၄၅ ဒသမ ၈ သန်းရှိသည်။

ထို့ပြင် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ ၁၅ ရုံ၏ စုစုပေါင်း စက်တပ်ဆင်အား ၇၁၄ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၅၇၁၉ ဒသမ ၂ သန်းရှိသည်။

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခုပေါင်း စက်တပ်ဆင်အား ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၁၈၇၆၅ ဒသမ ၀ သန်းဖြစ်သည်။

လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများအနေဖြင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံကိန်း ၁၄ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက စီမံကိန်း ကိုးခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၄ ခု စုစုပေါင်း စီမံကိန်း ၆၇ ခုရှိကာ အဆိုပါစီမံကိန်းများ ပြီးစီးပါက စက်တပ်ဆင်အား ၄၅၃၇၈ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးက ရမည်းသင်း- တောင်ကြီးခရိုင်ချင်းဆက်လမ်း၊ ပေါင်းလောင်းမြစ်ကူးတံတား (လျှာထား) နေရာ၏ အထက်ဘက်သုံးမိုင်ခန့်အကွာ၊ အထက်ပေါင်းလောင်းတမံ၏ အောက်ဘက် ရှစ်မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌တည်ရှိသည့် စက်တပ်ဆင်အင်အား ၁၀၀ မဂ္ဂါဝပ်နှင့် နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီ သန်း ၅၀၀ ထုတ်လုပ်နိုင်မည့် အလယ်ပေါင်းလောင်းရေအားလျှပ်စစ် စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အနောက်တောင်ဘက် ၄၅ မိုင်ခန့်အကွာ နမ့်တဘက်မြစ်ပေါ်၌တည်ရှိသည့် စက်တပ်ဆင်အား ၁၀၄ မဂ္ဂါဝပ်နှင့် နှစ်စဉ် ပျမ်းမျှကီလိုဝပ်နာရီ ၅၇၅ သန်းထုတ်လုပ်နိုင်မည့် နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း လုပ်ငန်းခွင်ကို တွေ့ရစဉ်။



မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁မိုင်အကွာ ရဲ-ယမန်းရွာအနီးရှိ ရဲရွာရေအားလျှပ်စစ်စီမံကိန်းကို တွေ့ရစဉ်။

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနနှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှစ်ခုပေါင်း စက်တပ်ဆင်အား ၃၂၈၅ ဒသမ ၉ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားပမာဏမှာ ကီလိုဝပ်နာရီ ၁၈၇၆၅ ဒသမ ၀ သန်းဖြစ်။

လက်ရှိ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများအနေဖြင့် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက စီမံကိန်း ၁၄ ခု၊ တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများက စီမံကိန်း ကိုးခု၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း ၄၄ ခု စုစုပေါင်း စီမံကိန်း ၆၇ ခုရှိကာ အဆိုပါစီမံကိန်းများ ပြီးစီးပါက စက်တပ်ဆင်အား ၄၅၃၇၈ ဒသမ ၅ မဂ္ဂါဝပ်ထုတ်လုပ် ပေးနိုင်မည်ဖြစ်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားစနစ်တိုးချဲ့ဖြန့်ဖြူးနိုင်ရေး မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း (၁၂) ခု အကောင်အထည်ဖော်လျက်ရှိ

ရှင်းလင်းတင်ပြ

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည် ထောင် စု ဝန်ကြီး ဦးခင်မောင်စိုး ရှင်းလင်း တင်ပြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်က ကျင်းပသည့် အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးတွင် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် အထူးစီမံကိန်း အစည်းအဝေးများသို့ ယခင်တင်ပြခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းပေါင်း ၂၇၈ ခုရှိသည့်အနက် ဆောင်ရွက်ပြီး မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၁၀၄ ခု၊ ဆောင်ရွက်ဆဲ မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၃၃ ခုဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရန် ကျန်မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၁၄၁ ခုဖြစ်သည်။ ယခု အထူးစီမံကိန်းအစည်းအဝေးသို့တင်ပြသည့် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်းများမှာ အသစ် ၁၈ ခုဖြစ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးက အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ဓာတ်အားစနစ်တိုးချဲ့၍ ဖြန့်ဖြူးနိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားသော မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း ၁၂ ခုဖြစ်သည့် ဝိုင်းမော်-ဗန်းမော်-လက်ပန်လှ-မြောက်ပြင် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ နန့်တဘက်-ဝိုင်းမော် ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဝိုင်းမော်-မြစ်ကြီးနား(၁)-မြစ်ကြီးနား(၂)-မြစ်ကြီးနား(၃) ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မိုင်းရယ်-တန့်ယန်း ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်း၊ မင်းတပ်-မတူပီ ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဟိုပုန်းသို့ ၁၃၂ ကေဗွီ(အဝင်/အထွက်) မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ အောင်ပန်း-ပင်းတယ ၆၆ ကေဗွီ မဟာဓာတ်အားလိုင်းစီမံကိန်း၊ လေးမြို့(၂)-လေးမြို့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်း၊ ဘီလူးချောင်း(၂)-တောင်ငူ ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ သာယာကုန်း-မင်းလှ ၂၃၀ ကေဗွီ နှစ်ထပ် မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ စီမံကိန်း၊ အလယ်ပေါင်းလောင်း-ပေါင်းလောင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်း စီမံကိန်း၊ ဘီးလင်း(ကမာနတ်-သထုံ) ၂၃၀ ကေဗွီ နှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်းတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီးက မြေအောက်ဓာတ်အားလိုင်း စီမံကိန်းခြောက်ခုဖြစ်သည့် အလုံ-ဘုရင့်နောင် ၆၆ ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၇ ဒသမ ၄ မိုင်စီမံကိန်း၊ အလုံ-MRTV-3 ၆၆ ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၁ မိုင် စီမံကိန်း၊ အလုံ-မော်တင် ၆၆ ကေဗွီ (မြေအောက်) ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင် စီမံကိန်း၊ အလုံ-မီးရထားခွဲရုံ(ဗိုလ်ချုပ်လမ်း) ၆၆ ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၃ ဒသမ ၈ မိုင် စီမံကိန်း၊ အလုံ-ဆင်မလိုက် ၆၆ ကေဗွီ(မြေအောက်)ဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင် စီမံကိန်းနှင့် သာကေတ-ပုသိမ်ညွှန့် ၆၆ ကေဗွီ(မြေအောက်)ဓာတ်အားလိုင်း ၅ မိုင် စီမံကိန်းများနှင့်စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ပြည်သူများသို့ လျှပ်စစ်မီးပေးနိုင်ရေးအတွက် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ လုပ်သားကြီးများ မဟာဓာတ်အားလိုင်း တည်ဆောက်သွယ်တန်းရေးလုပ်ငန်းကို ဆောင်ရွက်နေကြသည်မှာ ဤသို့ သက်စွန့်ဆံဖျား....။

အထူးစီမံကိန်း အစည်းအဝေးများသို့ ယခင်တင်ပြခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းပေါင်း ၂၇၈ ခုရှိသည့်အနက် ဆောင်ရွက်ပြီး မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၁၀၄ ခု၊ ဆောင်ရွက်ဆဲ မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်း ၃၃ ခု ဖြစ်ပြီး ဆက်လက်ဆောင်ရွက်ရန် ကျန်မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံ စီမံကိန်း ၁၄၁ ခုဖြစ်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း)မှ တာဝန်ယူတည်ဆောက်ခဲ့သော ကမာနတ်-မြောင်းတကာ ၂၃၀ကေဗွီ မဟာဓာတ်အားလိုင်း သွယ်တန်းမှုမြင်ကွင်းကား ဤသို့ မျက်စိတစ်ဆုံး....။

မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈:၁၅ ၇။ အကပြိုင်ပွဲ
၈:၂၅ ၈။ တေးဂီတအစီအစဉ်
၈:၄၀ ၉။ International News
၈:၄၅ ၁၀။ **ရင်နှစ်ပန်းတို့လန်းစေချင်**

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
၁၁:၂၀ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာသတင်းစဉ်
၁၁:၃၀ ၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၃၆)
၁၂:၃၀ ၅။ Golf Magazine (TV)
၁၂:၅၀ ၆။ မြန်မာရုပ်ရှင် **အလင်းဖျော့ကောင်းကင်** ရန်အောင်၊ မေသန်းနု၊ လင်းဇာနည်ဇော် (ဒါရိုက်တာ-မီးပွား)
၁၄:၅၀ ၇။ International News

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၀၅ ၂။ တေးဂီတအစီအစဉ်
၄:၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄:၂၅ ၄။ နားဝင်ပီယံသူ့လက်သံ
၄:၃၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၄:၄၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၅၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
၅:၀၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၁၅ ၁၀။ မိုးလေဝသအခြေအနေ
၆:၂၀ ၁၁။ ကာတွန်းအစီအစဉ် **ကွမ်တမ်မင်း** (အပိုင်း-၁၆)
၆:၄၀ ၁၂။ တစ်မျက်နှာတစ်ကွက်စာ **သမီးမက်သူ** (ဇာတ်သိမ်းပိုင်း) မိုးထက်ပိုင်၊တေဇ၊မိုးကောင်း၊ ရန်နိုင်၊နေလ၊ဟိန်းဇေ၊ဦးခိုင်တင်၊ မေဟသ်ာ၊ ခိုင်ပွင့်၊ ဆုဝတီမိုး၊ ဂျူးဂျူးကေ၊ သဇင်ထူးနိုင်၊ ဒေါ်ခင်မို့မို့အေး [ဒါရိုက်တာ-မေတင် (MMG)]
၇:၀၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်နဲ့အမုန်း** (အပိုင်း-၅)
၈:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ ကာတွန်းအစီအစဉ် **တောကောင်ငယ်သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၈)
၁၈။ မြန်မာရုပ်ရှင် **ဧည့်သည်** (အပိုင်း-၂) သုမောင်၊ရန်အောင်၊ မေသန်းနု၊ စိုးမြတ်သူဇာ (ဒါရိုက်တာ-မောင်နန္ဒ)
၁၉။ **ရင်လှိုင်းခတ်သံတေးသီဟန်**
၂၀။ အစီအစဉ်ပြီး၏။

ဆည်မြောင်းစီမံကိန်း ၂၃၃ ခု အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့

ဆောင်ရွက်ဆဲ ဆည်မြောင်းစီမံကိန်း ၃၁ ခုနှင့် ထပ်မံဆောင်ရွက်ရန် စီမံကိန်း ၁၄ ခု လျာထား

ရှင်းလင်းတင်ပြ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်ကကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ ဆည်မြောင်းစီမံကိန်း ၂၃၃ ခုကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲ ဆည်မြောင်းစီမံကိန်း ၃၁ ခုနှင့် ထပ်မံဆောင်ရွက်ရန် လျာထားသည့် စီမံကိန်း ၁၄ ခုတို့၏ အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အထောက်အကူပြု

ဆောင်ရွက်ဆဲစီမံကိန်းများဖြစ်သော စီမံကိန်းတစ်ခုလုံး၏ ၈၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေဧက ၂၅၀၀၀ ကို ရေပေးဝေနိုင်မည့်အပြင် နှစ်စဉ်ကီလိုဝပ်နာရီ ၂၇ ဒသမ ၄၈ သန်း ထုတ်လုပ်နိုင်မည့် ကညင်ရေလှောင်တမံစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၈၇ ရာခိုင်နှုန်းပြီးစီးပြီဖြစ်သည့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ လယ်မြေဧက ၉၆၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်၊ သီးထပ်အဖြစ် နွေစပါး ၇၄၀၀၇ ဧကထက် ပိုမိုတိုးချဲ့ရေပေးဝေနိုင်ရန်၊ ရေအားလျှပ်စစ် ၇၄ မဂ္ဂါဝပ် ဖြန့်ဝေရန် ရည်ရွယ်သည့် ကြီးအုံကြီးဝရေလှောင်တမံစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၆၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့ကြီးကျေးရွာအနီးရှိ လျှပ်စစ်ဓာတ်အား နှစ်စဉ်ကီလိုဝပ်နာရီ ၁၃၅ ဒသမ ၇ သန်း ထုတ်လုပ်နိုင်မည့် မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၃၃ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည့် လယ်မြေဧက ၁၀၀၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှ ကာကွယ်ရန်၊ ရေအားလျှပ်စစ် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဝေရန် ရည်ရွယ်သည့် ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၃၆ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးရှိ လယ်မြေဧက ၁၂၀၀၀ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် ရေအားလျှပ်စစ် ၄၀ မဂ္ဂါဝပ် ထုတ်လုပ်ဖြန့်ဝေရန် ရည်ရွယ်သည့် မြစ်သာရေလှောင်တမံစီမံကိန်း၊ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ လယ်မြေဧက ၅၈၉၅ ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် စိုက်ပျိုးမြေများသို့ ရေငန်နှင့်နုန်းများဝင်ရောက်ခြင်းမှ ကာကွယ်ရန်၊ မိုးရာသီတွင် ဒီရေကျချိန်၌ ကွင်းရေကို ဆောလျင်စွာ ထုတ်နုတ်နိုင်ရန်ရည်ရွယ်သည့် ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၄၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ကိုဒူကွဲချောင်းကိုပိတ်၍ တမံတည်ဆောက်ကာ ရန်ကုန်မြို့ အရှေ့ခြမ်း မိုင် ၃၀ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် အထောက်အကူပြုရန်ရည်ရွယ်သည့် ကိုဒူကွဲ ရေလှောင်တမံစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာအနီးရှိ ရေဘေးကာကွယ်ရေးအကျိုးပြုဧက ၁၀၃၀၀ နှင့် နွေစပါးဧက ၃၀၀ ရေပေးဝေနိုင်မည့် ကင်မွန်းခြံရေထိန်းတံခါးစီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး

စာမျက်နှာ ၉ ကော်လံ ၃ သို့

ငါ့သရောက်မြစ်ရေတင် ပင်မရေတင်စက်ရုံရေငြိမ်ကန်ကို တွေ့ရစဉ်။

စိုက်ပျိုးရေးနှင့် သောက်သုံးရေအတွက် အကျိုးပြုလျက်ရှိသည့် ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ပြိုင်းချောင်းရေလှောင်တမံကို ဤသို့ တွေ့ရသည်။

ဆောင်ရွက်ဆဲမြစ်ရေတင်အထူးစီမံကိန်း ၁၆ ခု

- မိတ္ထီလာလွင်ပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- နန်းပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- အရာတော်-၂ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- အရာတော်-၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ကံကလေးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ခရမ်းချောင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ဒုံသမီလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- မမွှသလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊
- ဆီမီးခုံ-၃ (နွားထိုးကြီး) လျှပ်စစ်မြစ်ရေတင်စီမံကိန်း။

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျ

နယ်စပ်ဒေသများ၏ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေးဆောင်ရွက်ခဲ့

နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အချိန်တိုအတွင်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်

နေပြည်တော် ဧပြီ ၂၃

ယနေ့ကျင်းပသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၁)တွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအတွင်းရေးမှူး သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ အတွင်းရေးမှူး သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ရှင်းလင်းတင်ပြစဉ်။
(သတင်းစဉ်)

ယင်းသို့ ရှင်းလင်းတင်ပြရာတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ၁၉၈၉ ခု မေ ၂၅ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဗဟိုကော်မတီက လမ်းညွှန်ချမှတ်ပေးသည့် မူဝါဒဆိုင်ရာ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကိုလည်း ၃၁-၅-၈၉ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်ခဲ့ပါကြောင်း။

ဟန်ချက်ညီညီ

ယခင် တပ်မတော်အစိုးရ တာဝန်ယူချိန်တွင် ဗဟိုကော်မတီအစည်းအဝေးများက ချမှတ်လမ်းညွှန်ပေးခဲ့သည့် မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် လုပ်ငန်းဆပ်ကော်မတီများ၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများက ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းကြောင့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို အချိန်တိုအတွင်းမှာ အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ယခု ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရလက်ထက်တွင်လည်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းများကို လုပ်ငန်းကော်မတီဥက္ကဋ္ဌက အရှိန်အဟုန်မပျက် ဆက်လက် ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်သွားမှာ ဖြစ်ပါကြောင်း။

၁၉၈၉ ခုနှစ်မှ စတင်ပြီး ယနေ့အထိ နယ်စပ်ဒေသ အသီးသီးတွင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တင်ပြလိုပါကြောင်း။

တိုးချဲ့ဖောက်လုပ်

ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု တိုးတက်ကောင်းမွန်ရေးသည် အဓိကကျသဖြင့် နယ်စပ်ဒေသများ၏ လမ်း၊ တံတား တည်ဆောက်ရေးလုပ်ငန်းများကို အထူးဦးစားပေး ဆောင်ရွက်ခဲ့ရာ၌ နိုင်ငံတော်က ကျပ်သန်းပေါင်း ၂၁၂၅၃၂ ကျော် သုံးစွဲခဲ့ပါကြောင်း၊ မြေလမ်း ၄၄၇၉ မိုင်၊ ကျောက်ခင်းလမ်း ၃၂၀၂ မိုင်၊ ကတ္တရာလမ်း ၄၇၆ မိုင်၊ တံတားကြီး ၁၁၉ စင်း၊ တံတားငယ် ၁၅၆၃ စင်းနှင့် ကြိုးတံတား ၆၆ စင်းတို့ကို တည်ဆောက်ပေးနိုင်ခဲ့ပြီး မူလရှိပြီး လမ်းမိုင် ၃၅၉၀ ကိုလည်း ပြုပြင်ထိန်းသိမ်းပေးခဲ့ပါကြောင်း၊ ဆက်လက်၍လည်း အဓိကကျသည့်လမ်းကြီးများကို ကတ္တရာလမ်းအဆင့်မြှင့်ရေး၊ တံတားများ ပိုမိုခိုင်ခံ့ရန် ဆောင်ရွက်နေသကဲ့သို့ ထပ်မံလိုအပ်သည့်နေရာများ၌ လမ်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော်က နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကိုလည်း အထူးဦးစားပေး ဆောင်ရွက်ပေးနေပါကြောင်း၊ အခြေခံကျသည့် ပညာရေးကဏ္ဍတွင် နိုင်ငံတော်က မူလတန်းကျောင်း ၈၈၈ ကျောင်း၊ အလယ်တန်းကျောင်း ၉၂ ကျောင်းနှင့် အထက်တန်းကျောင်း ၉၄ ကျောင်း ဆောက်လုပ်ပေးထားသည့်အပြင် နယ်စပ်ဒေသဖွံ့ဖြိုးရေးစီမံကိန်းမှာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျောင်းပေါင်း ၈၉၂ ကျောင်း၊ ဆောက်လုပ်ခဲ့ပြီးကျောင်းပေါင်း ၉၅၃ ကျောင်း ပြုပြင်ပေးခဲ့ပါကြောင်း။

ထို့အပြင် ဆင်းရဲချို့တဲ့ပြီး ပညာသင်နိုင်ရေး အခွင့်အလမ်း နည်းပါးနေသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များအတွက် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၂၉ ကျောင်း ဖွင့်လှစ်ပြီး ပညာသင်ကြားပေးလျက်ရှိပါကြောင်း၊ ယင်းကျောင်းများမှာ မူလတန်းကျောင်းသား ၁၄၀၊ အလယ်တန်းကျောင်းသား ၁၈၂၉ ဦး၊ အထက်တန်းကျောင်းသား ၁၁၇၈ ဦး၊ စုစုပေါင်း တိုင်းရင်းသားလူငယ် ၃၁၄၇ ဦးကို ပြုစုပျိုးထောင်ပေးလျက်ရှိပါကြောင်း။

မွေးထုတ်ပေးနိုင်

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးမှာ အခြေခံပညာအပြင် အဆင့်မြင့်ပညာ ဆည်းပူးနိုင်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှ စတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်နှစ်ခု ဖွင့်လှစ်ပေးထားပြီး လေ့ကျင့်သင်ကြားပေးနေပါကြောင်း၊ ယခုဆိုလျှင် ယင်းဒီဂရီကောလိပ်နှစ်ခုက ဘွဲ့ရတိုင်းရင်းသားလူငယ် ၁၅၁၃ ဦးသည် ၎င်းတို့ဇာတိဒေသများ၏ ဖွံ့ဖြိုးရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများမှာ နိုင်ငံတော်ဝန်ထမ်းများအဖြစ် ပါဝင်ဆောင်ရွက်နေကြပြီး ဖြစ်ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အထိ မဟာဘွဲ့ရရှိသူ ၁၂၅ ဦး မွေးထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မဟာတန်းကို ၁၆၄ ဦး၊ ပါရဂူဘွဲ့ သင်တန်း ခုနစ်ဦး သင်တန်းတက်ရောက်လျက်ရှိပါကြောင်း၊ ယခု ပညာသင်နှစ်တွင်လည်း အဆင့်မြင့်ပညာ သင်ကြားတက်ရောက်ဆဲကျောင်းသား ၁၀၇၃ ဦးရှိပါကြောင်း။

ထို့အပြင် ၎င်းတို့၏ဒေသ ကျန်းမာရေး၊ ပညာရေးကဏ္ဍများတွင် ပါဝင်တာဝန်ထမ်းဆောင်မည့် နယ်စပ်ဒေသတိုင်းရင်းသား၊ တိုင်းရင်းသူလူငယ်များကို တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် ၂၄ ဦး၊ သူနာပြုသင်တန်းကျောင်းတွင် ရှစ်ဦး၊ သားဖွားသင်တန်းတွင် ၁၀ ဦးနှင့် ပညာရေးကောလိပ်တွင် ကိုးဦးတို့ကို တက်ရောက်ပညာသင်ကြားစေလျက်ရှိပါကြောင်း။

နယ်စပ်ဒေသ အမျိုးသမီးငယ်များအား အိမ်တွင်းမှုသက်မွေးပညာရပ်များ သင်ကြားပေးခြင်းဖြင့် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာစေရန်ရည်ရွယ်၍ နယ်စပ်ဒေသ အသီးသီးတွင် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၃၉ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ယနေ့အထိ နယ်စပ်ဒေသ အသီးသီးမှ အမျိုးသမီးငယ် ၃၈၄၈၉ ဦးအား အိမ်တွင်းမှုပညာရပ်များ သင်ကြားလေ့ကျင့်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

ဖွင့်လှစ်သင်ကြား

ဆက်လက်၍လည်း နယ်စပ်ဒေသများတွင် တိုင်းရင်းသားလူငယ်များအတွက် လက်သမား၊ ပန်းရန်၊ စက်ပြင်၊ လျှပ်စစ်ဂဟေဆက်၊ မော်တော်ယာဉ်စက်ပြင်စသည့် သက်မွေးပညာရပ်များသင်ကြားပေးသည့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုသင်တန်းကျောင်းများကိုလည်း လောက်ကိုင်၊ ပန်ဆန်း၊ မိုင်းလားနှင့် လပွတ္တာမြို့တို့တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါကြောင်း။

ကျန်းမာရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်က "ကျန်းမာရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရာမှာ ကျေးလက်ဒေသများသာမက နယ်စပ်ဒေသများကိုပါ ဦးစားပေးဆောင်ရွက်ရန်" ဆိုသည့် အမျိုးသားကျန်းမာရေးမူဝါဒအတိုင်း နယ်စပ်ဒေသများ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများတွင် ၁၉၈၈ ခုနှစ်က ဆေးရုံ ခြောက်ရုံ၊ ဆေးပေးခန်း ရှစ်ခန်း၊ ကျန်းမာရေးဝန်ထမ်း ၇၃ ဦးသာရှိခဲ့ရာမှ ယခုဆိုလျှင် ဆေးရုံ ၁၀၀၊ ဆေးပေးခန်း ၉၆ ခန်း၊ ကျေးလက်ကျန်းမာရေးဌာန ၉၄ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၀၂ ခုတို့ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖွံ့ဖြိုးရေးအထူးဒေသများ၌လည်း ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်၍ နယ်စပ်ဒေသများတွင် စိုက်ပျိုးရေးရုံး ၃၁ ရုံး၊ စိုက်ပျိုးရေးစခန်း ၁၁၈ ခု၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ပြီး ဆည် ၆၃ ခု၊ တိုင်းတာပြီးဆည် ၁၇ ခု၊ တူးမြောင်း ငါးခုနှင့် ထွန်စက်စခန်း ၁၁ ခုတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ဒေသရိက္ခာဖူလုံရေးအပြင် စီးပွားဖြစ်သီးနှံများ စိုက်ပျိုးရေးကိုပါ အခွင့်အလမ်းကောင်းများ ဖန်တီးပေးနိုင်ခဲ့ပါကြောင်း။

မွေးမြူရေး

မွေးမြူရေးလုပ်ငန်းကဏ္ဍအနေဖြင့် မွေးမြူရေးခြံ ၂၀၊ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးရုံး ၄၁ ရုံးတို့ကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီး နွားနှင့် မြည်းမျိုးကောင်း ၁၁၁ ကောင်တို့ကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါကြောင်း။

ကုန်းမြင့်လယ်ယာစီမံကိန်းကို ၂၀၀၃-၂၀၀၄ ခုနှစ်က စတင်၍ ၁၀ နှစ် စီမံကိန်းနှင့် ဧက ၁၁၁၉၀၀ ဖော်ထုတ်ရန် ဆောင်ရွက်လျက်ရှိရာမှ ယခုအချိန်ထိ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ် (အမ်း)ဒေသ၊ မကွေးတိုင်းဒေသကြီး ကျောက်ထုဒေသနှင့် နေပြည်တော် ဆိပ်ဖူးတောင်ဒေသများမှာ ၃၁၆၉၁ ဧက ဖော်ထုတ်ပေးပြီးဖြစ်ပါကြောင်း။

စွမ်းအင်ကဏ္ဍအနေဖြင့် နယ်စပ်မြို့ ၅၁ မြို့တွင် အငယ်စားနှင့် အလတ်စား ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့ပြီး မြို့၊ ရွာ ၂၀၇ ခုတွင်လည်း မီးစက် ၂၇၆ လုံး တပ်ဆင်ပေးခြင်းအားဖြင့် မြို့၊ ရွာများ မီးလင်းပေးနိုင်သည့်အပြင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ပြီးဖြစ်ပါကြောင်း။

ဆက်သွယ်ရေး

ဆက်သွယ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် စာတိုက် ၅၄ ခု၊ ကြေးနန်းရုံး ၄၇ ရုံး၊ တယ်လီဖုန်းလုပ်ငန်းပေါင်း ၈၆ ခုတို့ကို တည်ဆောက်ပေးနိုင်သည့်အတွက် နယ်စပ်ဒေသ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများ၊ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေခဲ့ပါကြောင်း။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းနှင့်ပတ်သက်၍ နိုင်ငံတော်က နယ်စပ်ဒေသ အသီးသီးတွင် ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံပေါင်း ၁၁၃ ရုံ တည်ဆောက်ထုတ်လွှင့်ပေးနိုင်ခဲ့ပါကြောင်း။

သစ်တောလုပ်ငန်းကဏ္ဍအနေဖြင့် သစ်တောပျိုးဥယျာဉ် ၁၄ ခု၊ သတ်မှတ်ပြီး ကြိုးဝိုင်းသစ်တော ၁၁ ခု၊ စီစဉ်ဆဲကြိုးဝိုင်းသစ်တော ၁၄ ခု၊ သစ်စက် လေးခုတို့ကို ထူထောင်ပေးခဲ့ပြီး သစ်တောထွက်ပစ္စည်းများ လုံလောက်စွာ ထုတ်ယူသုံးစွဲနိုင်ရေး၊ သစ်တောပြုန်းတီးမှု ဟန့်တားရေးတို့ကို ဒေသခံတိုင်းရင်းသားများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း။

သာသနာရေး

သာသနာရေးကဏ္ဍအနေဖြင့် နယ်စပ်ဒေသတစ်လျှောက် ထေရဝါဒ ဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် စေတီ ၅၂ ဆူ၊ ဘုန်းတော်ကြီးကျောင်း ၂၈၉ ကျောင်း၊ သီလရှင်စာသင်တိုက် ၁၅ တိုက်၊ အခြားသာသနိကအဆောက်အအုံ ၆၆ ခုတို့ကို အသစ်တည်ဆောက်ပေးခဲ့ပြီး သာသနိက အဆောက်အအုံအဟောင်း ၄၇ ခုတို့ကို ပြုပြင်ထိန်းသိမ်းပေးခဲ့ပါကြောင်း။

နယ်စပ်ဒေသတစ်လျှောက်မှာ လူမှုစီးပွားရေးအခြေခံကောင်းများ ရရှိအောင် ၁၉၈၉ ခုနှစ်မှ ယနေ့အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေမှ ငွေကျပ် ၁၄၅၄၅၄ သန်း၊ ဝန်ကြီးဌာနအသီးသီးက ငွေကျပ် သန်း ၂၅၁၉၉၀ စုစုပေါင်း ငွေကျပ် ၃၉၇ ဘီလီယံကျော် သုံးစွဲဆောင်ရွက်ခဲ့ပြီး ဖြစ်ပါကြောင်း။

တစ်ချိန်တည်းမှာပင် ပုံမှန်အုပ်ချုပ်ရေးစနစ် ခိုင်မာလာစေရေးအတွက် နယ်စပ်ဒေသများ အပါအဝင် အချက်အချာ မြို့၊ ရွာ ၈၄ ခုကို မြို့နယ်အဆင့်နှစ်ခုနှင့် မြို့နယ်ခွဲ ၈၂ ခုအဖြစ် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး တရားဥပဒေစိုးမိုးတည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုခိုင်မာလာစေရန် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

အကောင်အထည်ဖော်

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ရည်ရွယ်ချက်(၅)ရပ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် "နယ်စပ်ဒေသစီးပွားရေးလုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် မူးယစ်ဆေးဝါးစိုက်ပျိုးမှု လုံးဝချုပ်ငြိမ်းစေရန်" ဆိုသည့် ရည်ရွယ်ချက်တစ်ရပ်လည်း ပါရှိပါကြောင်း၊ မူးယစ်ဆေးဝါး ပပျောက်ရေးစီမံကိန်းကို ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၅ နှစ် စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဒေသ
များတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူး
ဆက်လက်တင်ပြလိုပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါ
ရမည်ဆိုလျှင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအ
၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအ
ပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်း
ဒေသကြီးတို့ရှိ မြို့နယ် ၄၈ မြို့နယ်တွင် အမေ
၅၃ သန်းဖြင့် ဆန်နှင့် စားနပ်ရိက္ခာတန်ချိန် ၁၄
ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အ
ပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်း
ဒေသကြီးတို့ရှိ မြို့နယ် ၃၈ မြို့နယ်တွင် အမေ
၇၈ သန်းဖြင့် ဆန်နှင့် စားနပ်ရိက္ခာတန်ချိန် ၁၅
ဆောင်ရွက်လျက်ရှိပါကြောင်း။

အသေးစားစီမံကိန်းငယ

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာ
နှင့်လည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တန
မြို့နယ် ၁၅ မြို့နယ်တွင် ၂၀၀၅ ခုနှစ်မှ ၂၀
ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းဖောက်လုပ်ရေ
လူထုအသိပညာပေးသင်တန်း စသည့် အသေး
ကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်းဖြ
ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကရင်ပြည်နယ်၊ မွန်ပြ
ဒေသကြီးတို့ရှိ မြို့နယ် ၁၉ မြို့နယ်တွင် အသေ
ခုကို အမေရိကန်ဒေါ်လာ လေးသန်းဖြင့် ဆောင်

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါ
(JICA) မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လ
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသရှိ မြို့
ဒေသ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် ဆ
နည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်း
၂၀၁၁ ခုနှစ် မတ်လကုန်အထိ အကောင်အထ
ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ
ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအ
အကြိမ် ဆန်တန်ချိန် ၁၀၀၀၀ ကို ကချင်အထူ
အထူးဒေသ (၁)၊ "ဝ" အထူးဒေသ(၂)၊ အထူ
များတွင် ဖြန့်ဝေပေးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒုတိ
၁၀၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ရာ ယင်းဒေသ
တိုးချဲ့ဖြန့်ဝေပေးပြီး ဖြစ်ပါကြောင်း။

ဆက်လက်အကောင်အထ

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နယ်
လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို
အစည်းအဝေးတွင် ချမှတ်ပေးသည့် မူဝါဒ
လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝန်ကြီးဌ
ကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများ
ခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်
အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော်
ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တင်ပြလိုပါကြောင်း။

ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကို တင်ပြရမည်ဆိုလျှင် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) အနေဖြင့် ၂၀၀၃ ခုနှစ်မှ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၄၈ မြို့နယ်တွင် အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၅၃ သန်းဖြင့် ဆန်နှင့် စားနပ်ရိက္ခာတန်ချိန် ၁၄၄၈၉၁ တန် ဖြန့်ဝေပေးရေးဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၃၈ မြို့နယ်တွင် အမေရိကန်ဒေါ်လာ ၁၂၂ ဒသမ ၇၈ သန်းဖြင့် ဆန်နှင့် စားနပ်ရိက္ခာတန်ချိန် ၁၅၇၆၄၄ တန် ဖြန့်ဝေပေးရေး ဆောင်ရွက်လျက်ရှိပါကြောင်း။

အသေးစားစီမံကိန်းငယ်

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့်လည်း ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၅ မြို့နယ်တွင် ၂၀၀၅ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ပညာရေး၊ ကျန်းမာရေး၊ ရေရရှိရေး၊ လမ်းဖောက်လုပ်ရေး၊ နေအိမ်ဆောက်လုပ်ရေး၊ လူထုအသိပညာပေးသင်တန်း စသည့် အသေးစားစီမံကိန်းငယ် ၁၁၇၄ ခုကို အမေရိကန်ဒေါ်လာ ၄ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၀ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၁၉ မြို့နယ်တွင် အသေးစားစီမံကိန်းငယ် ၁၁၈၇ ခုကို အမေရိကန်ဒေါ်လာ လေးသန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) မှ ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ သန်းဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ဒေသရှိ မြို့နယ်နှစ်မြို့နယ်တွင် ကိုးကန့်ဒေသ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးနှင့် ဆင်းရဲချို့တဲ့မှု လျှော့ပါးရေးနည်းပညာ ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းကို ၂၀၀၅ ခုနှစ် ဧပြီလမှ ၂၀၁၁ ခုနှစ် မတ်လကုန်အထိ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံ နယ်စပ်ဒေသတစ်လျှောက် ဘိန်းစိုက်ပျိုးမှုစွန့်လွှတ်သည့် တောင်သူများအား ၂၀၀၆ ခုနှစ်တွင် ပထမအကြိမ် ဆန်တန်ချိန် ၁၀၀၀၀ ကို ကချင်အထူးဒေသ (၁)၊ (၂)၊ ကိုးကန့်အထူးဒေသ (၁)၊ "ဝ"အထူးဒေသ(၂)၊ အထူးဒေသ(၄) မိုင်းလားဒေသများတွင် ဖြန့်ဝေပေးခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဒုတိယအကြိမ်အဖြစ် ဆန်တန်ချိန် ၁၀၀၀၀ ထောက်ပံ့လှူဒါန်းခဲ့ရာ ယင်းဒေသများနှင့် မူဆယ်ဒေသတွင် တိုးချဲ့ဖြန့်ဝေပေးပြီး ဖြစ်ပါကြောင်း။

ဆက်လက်အကောင်အထည်ဖော်

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို ဗဟိုကော်မတီက ယခုအစည်းအဝေးတွင် ချမှတ်ပေးသည့် မူဝါဒလမ်းညွှန်ချက်များအတိုင်း လုပ်ငန်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ဝန်ကြီးဌာန၊ ဒေသဆိုင်ရာ လုပ်ငန်းကော်မတီများ၊ လုပ်ငန်းဆပ်ကော်မတီများက ဒေသခံတိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်သူများနှင့် ဟန်ချက်ညီညီ ပူးပေါင်းပြီး အရှိန်အဟုန်ဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ပုလဲမြို့နယ်အတွင်း တည်ရှိ၍ လက်ရှိမြောက်ယမားရေသောက်ဧက ၁၂၀၀၀ အပြင် လယ်မြေဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်ရန် ရည်ရွယ်သည့် မြောက်ယမား တိုးချဲ့ရေသောက်စနစ်စီမံကိန်း၊ စီမံကိန်းတစ်ခုလုံးအနေဖြင့် ၅၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ လယ်မြေ ၄၉၉၆ဧက ကို ရေသွင်းစိုက်ပျိုးနိုင်မည့်အပြင် သိန်ရင်ချောင်းဖြတ် ရေကျော်၍ ရေလွှမ်းမိုးမှုကို ကာကွယ်ရန် ရည်ရွယ်သည့် သိန်ရင်ရေလှောင်တမံစီမံကိန်းတို့ကို ရှင်းလင်းတင်ပြသည်။

စိုက်ပျိုးရေပေးဝေ

ဆက်လက်၍ ပဲခူးရိုးမအရှေ့ဘက်ခြမ်းရှိ ရေလှောင်တမံများမှ ပိုလျှံရေများနှင့် အသစ်တည်ဆောက်မည့် ရေလှောင်တမံများမှ ရေများကို ပဲခူး-စစ်တောင်းတူးမြောင်းသို့ သွယ်ယူပြီး ထိုမှတစ်ဆင့် ခရမ်းချောင်းအထိ တူးမြောင်းဖောက်၍ ရေသွယ်ယူကာ ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်း စိုက်ဧက ၁၀၀၀၀၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ဧက ၅၅၀၀၀ စုစုပေါင်းဧက ၆၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည့် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင် (အရှေ့ခြမ်း) စိမ်းလန်းစိုပြည်ရေးစီမံကိန်း၊ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း လယ်မြေဧက ၂၂၈၈၀၀၀ ရှိသည့်အနက် ဆည်ရေဖြင့် ဧက ၆၀၀၀၀ ရေပေးဝေလျက်ရှိရာ ကျန်စိုက်ပျိုးမြေများကို ဆည်ရေပေးဝေနိုင်ရန်နှင့် ဒေသစိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ဆောင်ရွက်ရန်ရည်ရွယ်သည့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်း အနေဖြင့် ရေကူတမံများတည်ဆောက်၍ မိတ္ထီလာကန်အတွင်း ရေပိုမိုသိုလှောင်နိုင်ရန် ဆောင်ရွက်ခြင်း၊ ဇော်ဂျီမြစ်တစ်လျှောက် ပိုလျှံသောရေများကို ကင်းတား လက်ယာမြောင်းမှတစ်ဆင့် စိုက်ပျိုးရေပေးဝေခြင်း၊ မြေအောက်ရေကို ထုတ်နုတ်၍ စိုက်ပျိုးရေပေးဝေခြင်း စသည့် နည်းလမ်းသုံးသွယ်ဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနအနေဖြင့် မြစ်ရေတင်အထူးစီမံကိန်း ၄၂ ခု အကျိုးပြုဧက ၄၃၄၅၀၀ ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြစ်ရေတင်အထူးစီမံကိန်း ၂၆ ခု အကျိုးပြု ဧက ၂၁၈၇၀၀ ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် မြစ်ရေတင် အထူးစီမံကိန်း ၁၆ ခု အကျိုးပြုဧက ၂၁၅၈၀၀ ကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆောင်ရွက်ဆဲ မြစ်ရေတင်အထူးစီမံကိန်း ၁၆ ခုတို့တွင်ပါဝင်သည့် မိတ္ထီလာလွင်ပြင် လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မိတ္ထီလာလွင်ပြင်ဒေသ၌ တည်ရှိပြီး ကင်းတားရေလွှဲဆည်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ပင်မမြောင်းရှိ ထပ်ဆင့် ရေတင်စခန်း ခုနစ်ခုတို့ဖြင့် လယ်မြေဧက ၃၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ နန်းပို့လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် လုံးဘိုကျေးရွာအနီးတည်ရှိပြီး ဧရာဝတီမြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ပင်မမြောင်းရှိ ထပ်ဆင့်ရေတင်စခန်း သုံးခုတို့ဖြင့် စပါး၊ ဝါ၊ ဆီထွက်သီးနှံ ဧက ၈၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အရာတော်-၂ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် မကျီးဖောက်ရွာအနီး တည်ရှိပြီး မူးမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ခြောက်ခုတို့မှတစ်ဆင့် လယ်မြေဧက ၂၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ အရာတော်-၃ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ဆင်တလည်ရွာအနီးတည်ရှိပြီး မူးမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်း တစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ရှစ်ခုတို့မှတစ်ဆင့် လယ်မြေဧက ၄၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ရွာအနီးတည်ရှိပြီး ငမိုးရိပ်ချောင်းမှ ရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် မုဆိုးညောင်ပင်ရွာအနီးတည်ရှိပြီး ငမိုးရိပ်ချောင်းမှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း နှစ်ခုတို့မှတစ်ဆင့် လယ်မြေဧက ၇၀၀၀ ကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကံကလေး လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် မြောင်းတကာရွာအနီးတည်ရှိပြီး လှိုင်မြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၄၅၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ခရမ်းချောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရုံးသပြေကန်ရွာအနီးတည်ရှိပြီး ခရမ်းချောင်းမှရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ မြစ်ကျိုးလျှပ်စစ် မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ရှားတောဒေသအနီးတည်ရှိပြီး ဧရာဝတီမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေ ဧက ၁၀၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ဒါးကလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ကညင်ကောက်ရွာအနီးတည်ရှိပြီး ဒါးကမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၉၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌တည်ရှိပြီး ဧရာဝတီမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ရှစ်ခုတို့မှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ပျော့ရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ပျော့ရွာအနီးတည်ရှိပြီး မူးမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း နှစ်ခုတို့မှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ဒုံသမိ လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မွန်ပြည်နယ် သထုံမြို့နယ်၌တည်ရှိပြီး ဒုံသမိမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ထပ်ဆင့်ရေတင်စခန်း ရှစ်ခုတို့မှတစ်ဆင့် လယ်မြေဧက ၃၃၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ဓမ္မသလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌တည်ရှိပြီး ဂျိုင်းမြစ်မှရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၅၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်း၊ ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ကျုံစုတ်ရွာအနီး၌တည်ရှိပြီး ကျိုက်လတ်မြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းမှတစ်ဆင့် လယ်မြေဧက ၉၀၀၀ ကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ကြောင်းနှင့် ဆီမီးခုံ-၃ (နွားထိုးကြီး) လျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာအနီး၌တည်ရှိပြီး ဧရာဝတီမြစ်မှ ရေကိုရယူ၍ ပင်မရေတင်စခန်းတစ်ခု၊ ပင်မမြောင်းရှိ ထပ်ဆင့်ရေတင်စခန်း ငါးခုနှင့် လက်တံမြောင်းရှိ ထပ်ဆင့်ရေတင်စခန်းတစ်ခုတို့မှတစ်ဆင့် နွားထိုးကြီးမြို့နယ်အတွင်း သောက်သုံးရေရရှိရေး၊ ဒေသစိမ်းလန်းစိုပြည်ရေး၊ လယ်မြေဧက ၁၅၀၀၀ ကို စိုက်ပျိုးရေဖြည့်စွက်ပေးဝေရေးနှင့် မလှိုင်မြို့နယ်၊ တောင်သာမြို့နယ်များသို့ ဖြည့်စွက်ရေပေးဝေနိုင်ရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ စီမံကိန်းတစ်ခုလုံး၏ ဆောင်ရွက်ပြီးစီးမှုမှာ ၁၁ ဒသမ ၉၂ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်းနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

ဆောင်ရွက်ဆဲ စီမံကိန်းများ

- ❐ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ကညင်ရေလှောင်တမံစီမံကိန်း၊
- ❐ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်း၊
- ❐ ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း၊
- ❐ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊
- ❐ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးရှိ မြစ်သာရေလှောင်တမံစီမံကိန်း၊
- ❐ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်း၊
- ❐ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ကိုဒူကွဲရေလှောင်တမံစီမံကိန်း၊
- ❐ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာအနီးရှိ ကင်မွန်းခြံ ရေထိန်းတံခါးစီမံကိန်း၊
- ❐ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမား တိုးချဲ့ ရေသောက်စနစ်စီမံကိန်း၊
- ❐ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ သိန်ရင် ရေလှောင်တမံစီမံကိန်း။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လယ်မြေဧက သုံးသိန်းငါးသောင်းကျော်ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည့် ရဲနွယ်ရေလှောင်တမံ၏ ရှုမငြီးဖွယ် မြင်ကွင်းအလှ....။

မြန်မာ့မီးရထားသည် နိုင်ငံတစ်ဝန်းလမ်းပန်းဆက်သွယ်မှုချောမွေ့ရေး ရထားလမ်းဖောက်လုပ်ခြင်းနှင့် ကွန်ကရစ်ဇလီဖားစက်ရုံသစ်များ တည်ဆောက်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၃

ဧပြီ ၂၂ ရက်က ကျင်းပသည့် အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရထားပို့ဆောင်ရေးဝန်ကြီးဌာနအနေဖြင့် အထူးစီမံကိန်းမှ ခွင့်ပြုထားပြီးဖြစ်သည့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ရထားလမ်းအရှည် မိုင် ၃၂၀ ရှိသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်းတွင် ဖွင့်လှစ်ပြီး ၃၀၁ မိုင်နှင့် ၂၀၁၁ ခုနှစ်ရထားလမ်းပိုင်း ၃၅ မိုင်ကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၂၅၇ မိုင် အရှည်ရှိသည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ဖွင့်လှစ်ပြီးဖြစ်သည့် စစ်တွေ-ရေချမ်းပြင်လမ်းပိုင်း ၁၁ ဒသမ ၄၆ မိုင်၊ ကွမ်းတောင်- ယိုးတရုတ်လမ်းပိုင်း ၂၂ ဒသမ ၇၂ မိုင်၊ ယိုးတရုတ်-ကျောက်တော်လမ်းပိုင်း ၁၉ ဒသမ ၉ မိုင်နှင့် ၂၀၁၂ ခုနှစ်အတွင်း ဖွင့်လှစ်မည့် မင်းဘူး-ပဒါန်းရထားလမ်းပိုင်း ၂၇ ဒသမ ၃ မိုင် စီစဉ်ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၈၉ မိုင်ရှိသော ပုသိမ်(ဘဲဂရပ်)-အိမ်မဲ- ညောင်တုန်း- ရန်ကုန်မိုင်ကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၄၇၄ ဒသမ ၅ မိုင်အရှည်ရှိသည့် မြစ်ကြီးနား-ဗန်းမော်- မိုးမိတ်- ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ မြစ်ကြီးနား-ဗန်းမော်ရထားလမ်းပိုင်း ၁၀၈ မိုင်၊ ဗန်းမော်- မိုးမိတ်- ကျောက်မဲ ရထားလမ်းပိုင်း ၂၁၀ ဒသမ ၅ မိုင်၊ သီပေါ- လဲချား- နမ့်စန်ရထားလမ်းပိုင်း ၁၅၆ မိုင်ကို လုပ်ငန်းများဆောင်ရွက်ရန် စီစဉ်ထားရှိမှု၊

ဆက်လက်၍ ဝန်ကြီးက ၁၈၇၇ ခုနှစ်မှ ယနေ့ထိဖောက်လုပ်ပြီးစီးသည့် ရထားလမ်းသံလမ်းမိုင် ၄၇၅၀ ဒသမ ၀၈ မိုင်နှင့် ဆောင်ရွက်ဆဲစီမံကိန်း ရထားလမ်းသံလမ်းမိုင် ၁၉၉၀ ဒသမ ၆၅ မိုင် စုစုပေါင်း ရထားလမ်းသံလမ်း မိုင် ၆၇၄၀ ဒသမ ၇၃ မိုင်အတွက် စုစုပေါင်း ဇလီဖားတုံးလိုအပ်ချက် ၁၅ ဒသမ ၅ သန်းခန့်အနက် ယနေ့အထိ ထုတ်လုပ်လဲလှယ်ပြီး ကွန်ကရစ် ဇလီဖားတုံး လေးသန်းခန့်နှင့် ထပ်မံလိုအပ်မည့် ကွန်ကရစ်

ရှင်းလင်းတင်ပြ

ရထားပို့ဆောင်ရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦး အောင် မင်း ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတစ်ဝန်း တန်းတူဖွံ့ဖြိုးတိုးတက်စေရေး နိုင်ငံတော်အစိုးရက နိုင်ငံအနှံ့ ရထားလမ်းသစ်များ ဖောက်လုပ်ပေးလျက်ရှိရာ ကသာ-မိုးတားကြီး ရထားလမ်းပိုင်းကို ဝေဟင်မှ ဤသို့ တွေ့ရသည်။

အတွင်း အပြီးသတ်ဖွင့်လှစ်သွားမည့် ရထားလမ်း ၁၉ မိုင်ဆောင်ရွက်ထားရှိမှု၊ ရထားလမ်းမိုင် ၉၈ မိုင်အရှည်ရှိသည့် ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ ဖွင့်လှစ်ခဲ့ပြီးသည့် ကသာ-မိုးတားကြီးလမ်းပိုင်း ၁၆ ဒသမ ၆၈ မိုင်၊ တည်ဆောက်ဆဲရထားလမ်းမိုင် ၈၁ ဒသမ ၃၂ မိုင်အနက် ၂၀၁၁ ခုနှစ်အတွင်း ဖွင့်လှစ်သွားမည့် မိုးတားကြီး-ချောင်းဝ ၁၀ မိုင်၊ နမ့်ခုတ်-စင်းခန်း-ဟန်ထက်လမ်းပိုင်း ၁၆ ဒသမ ၆ မိုင်တို့ ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၂၂၆ မိုင်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ ကျိုင်းတုံ-ဝမ်ကောင်းလမ်းပိုင်း ၅ ဒသမ ၆ မိုင်ဖွင့်လှစ်ပြီးစီးမှုနှင့် တံတားကြီးငယ်များ တည်ဆောက်ပြီးစီးမှု၊ ကျန်ရထားလမ်းပိုင်းများဆက်လက်တည်ဆောက်နေမှု၊ ရထားလမ်းမိုင် ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ၂၀၁၁ ခုနှစ်အတွင်းထားဝယ်-သရက်ချောင်းလမ်းပိုင်း မိုင် ၂၀ ကို ဖွင့်လှစ်ရန် စီမံဆောင်ရွက်နေမှု၊ ရထားလမ်း မိုင် ၉၅ မိုင်ရှိသည့် ပျော်ဘွယ်-နတ်မောက်- မကွေး ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ မကွေး-ကံပြားလမ်းပိုင်း ၈မိုင်နှင့် ပျော်ဘွယ် (ရန်အောင်-ရွာတော်လမ်းပိုင်း) ၂၂ မိုင်တို့ ဖွင့်လှစ်ပြီးစီးမှုနှင့် ၂၀၁၁ ခုနှစ်အတွင်း ရွာတော်-နတ်မောက် (လှိုင်သာယာ)ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ပုသိမ်(ဘဲဂရပ်)-အိမ်မဲလမ်းပိုင်း မိုင် ၂၀ ဖွင့်လှစ်ပြီးစီးမှုနှင့် ၂၀၁၁ ခုနှစ်အတွင်း ဖွင့်လှစ်မည့် ဆားမလောက်-ညောင်တုန်း-စကျေ့ာ ရထားလမ်းပိုင်း ၂၀ ဒသမ ၁၃ မိုင်နှင့် ၂၀၁၁ ခုနှစ်အတွင်း ဖွင့်လှစ်မည့် အိမ်မဲ-ပန်းဝေနော် ရထားလမ်းပိုင်း ၂၁ ဒသမ ၅ မိုင်ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၁၂၀ ရှိသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းမှ ပြည်(ရွှေတံခါး)- ပေါက်ခေါင်း ရထားလမ်းပိုင်း မိုင်၂၀ ဖွင့်လှစ်ပြီးစီးမှုနှင့် ၂၀၁၂ ခုနှစ်အတွင်း ပေါက်ခေါင်း -ပစည်ကြယ်- ရွှေလောင်း ရထားလမ်းပိုင်း ၁၅ ဒသမ ၂၅ မိုင် ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၄၈ မိုင်ရှိသည့် ဟသ်ာတ-ဓနုဖြူ-စကျေ့ာ(ညောင်တုန်း) ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှ ဖွင့်လှစ်ပြီးဖြစ်သည့် ဟသ်ာတ-ဇလွန်လမ်းပိုင်း ၁၆ ဒသမ ၂၅ မိုင်နှင့် ၂၀၁၁ ခုနှစ်အတွင်း အပြီးသတ်ဖွင့်လှစ်သွားမည့် ဇလွန်-ဓနုဖြူ-စကျေ့ာရထားလမ်းပိုင်း ၃၁ ဒသမ ၇၅ မိုင် စီမံဆောင်ရွက်ထားမှု၊ ရထားလမ်းမိုင် ၁၂၀ ရှိသည့် နေပြည်တော်-ဆင်သေ- တပ်ကုန်း- ပင်လောင်း ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းမှ ၂၀၁၁ ခုနှစ်အတွင်း ဆင်သေ-ရေဦးရထားလမ်းပိုင်း ၁၉ ဒသမ ၃ အဆိုပါ ရထားလမ်းပိုင်းများအလိုက် တာပေါင်မြေလုပ်ငန်း၊ တံတားကြီးငယ် တည်ဆောက်ခြင်းလုပ်ငန်း၊ သံလမ်းခင်းခြင်းလုပ်ငန်း၊ ဘူတာနှင့် ယာဒ်ဝင်းတည်ဆောက်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၁၂၅ မိုင်ရှိသည့် မုံရွာ-ကနီ-မင်းကင်း-ကလေးဝ-ကလေး ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းတွင် မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ရထားလမ်းမိုင် ၁၅၀ မိုင်ရှိသည့် တောင်ငူ-ယာဒို-လွိုင်ကော် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း မြေတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဇလီဖားတုံး ၁၁ ဒသမ ၅ သန်းခန့် ရရှိနိုင်ရေးအတွက် မြစ်ငယ်၊ ပြွန်တန်ဆာ၊ မုတ္တမ၊ ပခုက္ကူ၊ ဥဿျစ်ပင်၊ ခင်ဦးမြို့များတွင် တည်ဆောက်ပြီးစီး၍ ထုတ်လုပ်လျက်ရှိသော ကွန်ကရစ်ဇလီဖားစက်ရုံများမှ ကွန်ကရစ်ဇလီဖားတုံးများ ထုတ်လုပ်နိုင်မှု၊ မင်းဘူးနှင့် ရွှေညောင်မြို့များတွင် တည်ဆောက်ဆဲဖြစ်သည့် ကွန်ကရစ်ဇလီဖားစက်ရုံများ အခြေအနေ၊ ဗန်းမော်-သီပေါ-နမ့်စန်မြို့များတွင် ထပ်မံ တည်ဆောက်သွားမည့် ကွန်ကရစ်ဇလီဖားစက်ရုံများအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

အကောင်အထည်ဖော်

မြန်မာ့မီးရထားသည် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးမှုကွာဟချက် နည်းပါးရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးနှင့် စီးပွားရေး၊ လူမှုရေး အခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရထားလမ်းဖောက်လုပ်ခြင်း၊ ကွန်ကရစ်ဇလီဖား စက်ရုံသစ်များ တည်ဆောက်ခြင်းအပါအဝင် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတစ်ဝန်းတွင် ၁၉၈၈ ခုနှစ်က ဖောက်လုပ်ပြီးရထားလမ်း ခရီးမိုင် ၁၉၇၆ မိုင်၊ ဖောက်လုပ်ပြီး သံလမ်းမိုင် ၂၇၉၃ မိုင်နှင့် ဘူတာရုံ ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ရထားလမ်းခရီးမိုင် ၃၅၇၉ မိုင်၊ ဖောက်လုပ်ပြီး ရထားသံလမ်းမိုင် ၄၄၀၂ မိုင်၊ ဖောက်လုပ်ဆဲရထားလမ်း ခရီးမိုင် ၁၇၇၈ မိုင်၊ ဖောက်လုပ်မည့်ရထားလမ်းခရီးမိုင် ၂၉၇ မိုင်နှင့် ဘူတာရုံ ၈၉၉ ရုံ ရှိလာပြီဖြစ်သည့်အတွက် ဖောက်လုပ်ပြီး၊ ဖောက်လုပ်ဆဲ ရထားလမ်းခရီးမိုင် များစွာ တိုးတက်လာခဲ့ပြီဖြစ်သည်။ **(သတင်းစဉ်)**

နိုင်ငံတစ်ဝန်းတွင် ၁၉၈၈ ခုနှစ်က ဖောက်လုပ်ပြီးရထားလမ်း ခရီးမိုင် ၁၉၇၆ မိုင်၊ ဖောက်လုပ်ပြီးသံလမ်းမိုင် ၂၇၉၃ မိုင်နှင့် ဘူတာရုံ ၄၈၇ ရုံ သာရှိခဲ့ရာမှ ယခုအခါ ရထားလမ်း ခရီးမိုင် ၃၅၇၉ မိုင်၊ ဖောက်လုပ်ပြီး ရထားသံလမ်းမိုင် ၄၄၀၂ မိုင်၊ ဖောက်လုပ်ဆဲ ရထားလမ်း ခရီးမိုင် ၁၇၇၈ မိုင်၊ ဖောက်လုပ်မည့် ရထားလမ်းခရီးမိုင် ၂၉၇ မိုင်နှင့် ဘူတာရုံ ၈၉၉ ရုံ ရှိလာပြီဖြစ်သည့်အတွက် ဖောက်လုပ်ပြီး၊ ဖောက်လုပ်ဆဲ ရထားလမ်းခရီးမိုင် များစွာ တိုးတက်လာခဲ့ပြီဖြစ်။

မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်းတွင် ရထားစတင်ပြေးဆွဲမှုကို တွေ့ရစဉ်။

ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့ တိုးမြှင့်ဖြည့်ဆည်းပေးမည်

နေပြည်တော် ဧပြီ ၂၃

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးနိုင်ရန်အတွက် ပြည်တွင်းသုံး သဘာဝဓာတ်ငွေ့များ တိုးမြှင့်ဖြည့်ဆည်းပေးနိုင်ရန် အရှည်မိုင် ၉၇ မိုင်ရှိ ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ ၁၂ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ ယခုအခါ ပျော်ဘွယ်မြို့မှ ပျဉ်းမနားမြို့အထိ အရှည်မိုင် ၆၃ မိုင်ခန့် ဆက်သွယ်ပြီးစီးလျက်ရှိပြီး ကျန်ရှိနေသေးသော ပျဉ်းမနား-ရေနီ-တောင်ဖီလာအပိုင်းကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ၂၀၁၃ ခုနှစ်တွင် ဆက်သွယ်ပြီးစီးမည့် မြန်မာ-တရုတ် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် မကွေး-ပျော်ဘွယ်-ပင်းပက်သဘာဝဓာတ်ငွေ့ ပိုက်လိုင်းမှတစ်ဆင့် ချိတ်ဆက်၍ သဘာဝဓာတ်ငွေ့များကို ရမည်းသင်း-ပျော်ဘွယ် - ပျဉ်းမနား - လယ်ဝေး-ရေတာရှည်မြို့နယ်များအတွင်းရှိ စက်ရုံအလုပ်ရုံများသို့ ဖြန့်ဖြူးပို့လွှတ်ပေးသွားနိုင်မည်ဖြစ်သည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ဆောင်ရွက်နေသော နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် သစ်စိပ်ပင်ကျေးရွာနှင့် ကင်မွန်းတန်းကျေးရွာအနီးရှိ အဆိုပါ လုပ်ငန်းခွင်ကို ယနေ့မွန်းလွဲပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပိုက်များ လုပ်ငန်းခွင်သို့ သယ်ယူရောက်ရှိမှုနှင့် ပိုက်ဆက်သွယ်ခင်းကျင်းပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက ပိုက်လိုင်းများ စနစ်တကျနှင့် ဂဟေသားကောင်းမွန်စွာ ဆက်သွယ်ရေး၊ သံချေးစား ကာကွယ်ဆေးသုတ်ခြင်းကို အထူးဂရုပြုဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့ရေးအတွက် ကာကွယ်ရေးလုပ်ငန်းများကို အပြည့်အဝဆောင်ရွက်သွားကြရေးနှင့် ပိုက်လိုင်းတစ်လျှောက် လုံခြုံမှုရရှိအောင် သတ်မှတ်အနက်ပေအတိုင်း တိကျစွာ မြေမြှုပ်နှံထားရှိရေးတို့ကို ဆွေးနွေးမှာကြားပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့ရှိ စက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနခွဲကို ရောက်ရှိရာ ဌာနခွဲမန်နေဂျာက စက်သုံးဆီ သိုလှောင်ဖြန့်ဖြူးမှုနှင့် မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြပြီး ပြည်ထောင်စုဝန်ကြီးက စက်သုံးဆီအမျိုးအစားအားလုံး ဖြန့်ဖြူးနိုင်ရေး၊ စက်သုံးဆီပြတ်လပ်မှု မရှိစေရေး ဂရုစိုက်ဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကားပြောကြားကာ ဌာနခွဲအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး ပျော်ဘွယ်-ပျဉ်းမနား-ရေနီ-တောင်ဖီလာ ၁၂ လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်း သွယ်တန်းခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပညာထူးချွန် ကျောင်းသား ကျောင်းသူများအား ပညာသင်ဆုချီးမြှင့်ရန် လျာထားဆောင်ရွက်နေ

နေပြည်တော် ဧပြီ ၂၃

အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပညာရည်ထူးချွန် ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ဆု (Scholarships)များ ချီးမြှင့်ပေးနိုင်မည့် အစီအစဉ်များကို လျာထားဆောင်ရွက်လျက်ရှိသည်ဟု ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ၌ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၁၀၀၀ခန့် ဖွင့်လှစ်ထားပြီး ဆရာ ဆရာမ ၂ သိန်း ၇ သောင်းကျော်က ကျောင်းသား ကျောင်းသူ ရှစ်သန်းခန့်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေးအတွက် မြို့နယ်အလိုက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်ခြင်း၊ အလယ်တန်း၊ အထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနှုန်းမြင့်မားရေးအတွက် လက်ရှိကျောင်းများကို သင်ကြားမှုအဆင့်မြှင့်တင်ပေးခြင်း၊ ကျောင်းသစ်များဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ အခြေခံပညာအဆင့်အလိုက် သင်ရိုးမာတိကာနှင့်ကျောင်းသုံး စာအုပ်များကို အဆင့်မြှင့်တင် ရေးဆွဲသင်ကြားပေးခြင်း၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းဆင်းများအား လုပ်ငန်းခွင်ဆရာ ဆရာမများအဖြစ် တိုက်ရိုက်ခန့်ထားခြင်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးကထည့်သွင်းပြောကြားသွားသည်။

ထို့အတူ ပညာရေးကဏ္ဍအနေဖြင့် ထုထည်ပမာဏကြီးမားပြီး သိမ်မွေ့နက်ရှိုင်းသည့် ပညာရေးစီမံကိန်း လုပ်ငန်းစဉ်များကို ရေရှည်မျှော်မှန်း အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံသားတိုင်း အခြေခံပညာ အဆင့်အလိုက် သင်ယူပြီးမြောက်သည်အထိ တက်ရောက်သင်ယူရန်နှင့် ကျောင်းသားကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့အတွက် ပညာရေးဝန်ထမ်းများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများအနေဖြင့် သင်ကြားသင်ယူမှု လုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဦးဆောင်အကောင်အထည် ဖော်သွားကြမည်ဖြစ်သည်။ သင်ယူမှု ပတ်ဝန်းကျင်တိုးတက်ကောင်းမွန်ရေးအတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများ၏ ပံ့ပိုးဖြည့်ဆည်းမှုများကို ရယူဆောင်ရွက်နိုင်အောင် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်ကိုလည်း ဝန်ကြီးက မှာကြားပြီးခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။ **(ဝဲပုံ)**

အဆိုပါ နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဦးဘရွှေက အဆင့်မြင့်ပညာကဏ္ဍ၏ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်က အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည် စီမံကိန်းလုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၀ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ၌ ချမှတ်ခဲ့သောလုပ်ငန်းစဉ်များ၏ ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြကာ စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

အလားတူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ခန်းမ၌ ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဒုတိယဝန်ကြီး ဦးအေးကြူ၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်များအဖွဲ့ဥက္ကဋ္ဌနှင့် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နှီးနှောဖလှယ်ပွဲဆိုင်ရာများကို ဆွေးနွေးမှာကြားရှင်းလင်းတင်ပြကြကာ စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ပညာရေးအရည်အသွေးတိုးတက်မြင့်မားရေးဆိုင်ရာ ဆရာ ဆရာမများ၏ သင်ကြားမှု အရည်အသွေးပြည့်ဝရေး၊ သင်ကြားသင်ယူမှု အထောက်အကူ ပစ္စည်းများ၊ သိပ္ပံခန်းများနှင့် ခေတ်မီဆက်သွယ်မှု နည်းပညာဆိုင်ရာ ပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ စိတ်ဓာတ်၊ စည်းကမ်း ကောင်းမွန်ရေး၊ သင်ရိုးမာတိကာများနှင့်အညီ အပြည့်အဝ လေ့ကျင့်သင်ကြားရေးနှင့် သင်ယူတတ်မြောက်မှု စွမ်းရည်မြှင့်တင်ရေး အစရှိသည့် လုပ်ငန်းများကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းချမှတ်နိုင်ရန် အဆိုပါ ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ယနေ့မှ ဧပြီ ၂၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဧပြီ ၂၃ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရေနံစိမ်း	တစ်စည်	၁၁၂ ဒသမ ၂၈
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၄ ဒသမ ၄၁
၃။	ရွှေ	တစ်အောင်စ	၁၅၀၇ ဒသမ ၇၀
၄။	ငွေ	တစ်အောင်စ	၄၉ ဒသမ ၇၉
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၄၁
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၁၃ ဒသမ ၀၀

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
၅း၂၀ MRTV-4 သတင်း
၅း၅၀ **ပဋိစ္စသမုပ္ပါဒ် အခြေခံ** တရားတော် (ဆရာတော် ဦးဃောသိတ)
၆း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၃)
၇း၃၀ MRTV-4 သတင်း
၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၁)
၈း၄၅ Sai Sai Birthday Show (Part-6)
၉း၅၀ Sunday Talk (စိန်မျိုးမြင့်၊ မျိုးမြတ်သူ)
၁၀း၂၅ သာသနပုဗ္ဗိကာရီကျောင်းဆောင်တော်မြတ်ကြီး ကျောင်းလွှတ်ပူဇော အလှူတော်မင်္ဂလာ
၁၀း၄၅ ဗီဒီယိုပြခန်း
၁၁း၀၀ MNL Preview
၁၁း၃၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ **အလန်းဇယား**
၁၁း၅၅ အရည်အသွေးမြင့်မားသော နည်းပညာမှသည် Giant Elevator & Escalator ဆီသို့
၁၂း၃၀ ရန်ကုန်မြင်ကွင်းကျယ် (NELC Staff Party)
၁၂း၁၀ နှစ်တစ်နှစ်ရဲ့အစ
၁၂း၀၀ ရန်ကုန်မြင်ကွင်းကျယ် (တတိယအကြိမ် လိုင်ဗုဒ္ဓစာပေဆုနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနား)
၁၂း၄၅ ကျေးဇူးများလှ မြတ်သည့်ဒါန…
၁း၀၀ **ပဋိစ္စသမုပ္ပါဒ် အခြေခံ** တရားတော် (ဆရာတော် ဦးဃောသိတ)
၂း၀၀ MRTV-4 သတင်း
၂း၂၀ စကားနပန်း (အလုပ်လုပ်တာကောင်းတယ်၊ အလုပ်မလုပ်တာကောင်းတယ်)
၃း၃၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (တေးသံရှင်-တင်ဦးလေး)
၃း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း-၄၁)
၄း၄၅ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၅း၀၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
၅း၃၀ ဂဏန်းသင်္ချာပျော်စရာ
၆း၀၀ MRTV-4သတင်း
၆း၂၀ ဝတာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၂)
၆း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၈၄)
၇း၃၀ ပျော်စရာကြီး Live Show (အပိုင်း-၁)
၈း၀၀ MRTV-4 သတင်း
၈း၃၀ Kid's Show
၉း၀၅ သွားမယ်စားမယ်(AD Garden)
၉း၂၅ **Barclays Premier League (Bolton Vs Arsenal)**
၁၁း၂၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အနားမညီအချစ်** (အပိုင်း -၄၂)
၁၂း၁၀ ဖန်တီးသူနှင့် အနုပညာ (ချမ်းချမ်း) (အပိုင်း-၁)
၁၂း၄၅ သီးနှံစိုက်ပျိုးအထွက်တိုး စပါးပန်းတိုင်အထွက်နှုန်း
၁၂း၅၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက်ဖေးကူမွေးမြူတို့အတူ (ကဏန်းပျော့မွေးမြူ ထုတ်လုပ်ရေး)
၁း၀၅ Box Office Movies (Watch Men)
၁း၂၅ ထူးခြားသွင်ပြင် သဏ္ဌာန်ပန်းပုရုပ်သွင်
၁း၄၀ Celebrity Profile (Jet Li)
၂း၁၀ ဘေးမဲ့တောလေးတည်တံ့ဖို့ ဝိုင်းဝန်းထိန်းသိမ်းစို့
၂း၂၀ သက်ကြီးမသန်စွမ်းကျောင်း၏ အသက်မွေးမှုပညာရပ်များ
၂း၃၀ မြန်မာ့တူရိယာစည်တော်ကြီး
၂း၄၅ **နောက်မကျခင်အောင်** မင်းသူ၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ-ကြည်စိုး)
၂း၅၅ တိုးတက်စည်ဝေ ညောင်ဇင်ကျေးရွာဖွံ့ဖြိုးနေ
၃း၁၅ ရွှေမင်းသားဖောင်ဒေးရှင်း (မြန်မာ)၏ မသန်မစွမ်းသူများအတွက် Barrier Free
၃း၄၅ စုပေါင်းဆင်နွှဲ မန္တလာမြေရဲ့ ခြင်းပွဲ
၄း၁၀ Royal Reward Resort နှင့် သူ၏ဆုလာဘ်သခင်
၄း၂၅ နည်းပညာအစွမ်းထက် Solar Hut
၄း၃၅ ကြည်ညိုဖူးမြော် ပုဂံဘုရားစေတီတော်

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရှိးရှိး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၉း၂၅	Bolton - Arsenal	ESPN (Live)

နိုင်ငံတကာသတင်းများ

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာရိုကျွန်း၌ မြေပြို ၂၇ဦးသေဆုံး ၁၀ဦးဒဏ်ရာရရှိ

မနီလာ ဧပြီ ၂၃

ဖိလစ်ပိုင်နိုင်ငံ မင်ဒါနာရိုကျွန်းတောင်ပိုင်းတွင် ဧပြီ ၂၃ရက်က မြေပြိုမှုဖြစ်ပွားရာ ၂၇ဦးသေဆုံးပြီး ၁၀ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ အချို့ပျောက်ဆုံးနေကြောင်း ဖိလစ်ပိုင်ရဲအရာရှိများက ပြောကြားသည်။ **(အပေါ်ပုံ)**

ကယ်ဆယ်ခဲ့

မင်ဒါနာရိုကျွန်းတောင်ပိုင်း ကင်းကင်းကျေးရွာအနီးတွင် ယင်းနေ့နံနက် ၇ နာရီခန့်က မြေပြိုခဲ့ခြင်းဖြစ်ကာ ကယ်ဆယ်ရေးအဖွဲ့များ ရောက်ရှိပြီး မြေကြီးများအောက်၌ ပိတ်မိနေသူများကို အလျင်အမြန် ကယ်ဆယ်ခဲ့ရသည်။

၎င်းဒေသသည် ရွှေနှင့်ကြေးများတူးဖော်ထုတ်လုပ်ရာ တောင်ထူထပ်သော ဒေသဖြစ်သဖြင့် မြေပြိုမှုများ မကြာခဏ ဖြစ်ပွားတတ်သည့် နေရာလည်းဖြစ်သည်။ မြေပြိုမှုများဖြစ်ပွားနေသည့် နေရာများသို့ သွားလာခြင်းမပြုရန် ဖိလစ်ပိုင် တာဝန်ရှိသူများနှင့် ရွှေတူးဖော်ရေးလုပ်ငန်းများမှ တာဝန်ရှိသူများက သတိပေး တားမြစ်ထားသည်။ **(အင်တာနက်)**

နေစွမ်းအင်သုံး ဂါဇီလာ-၂ မော်တော်ယာဉ် အီရန်သိပ္ပံပညာရှင်များ ထပ်မံထုတ်လုပ်

တီဟီရန် ဧပြီ ၂၃

အီရန်နိုင်ငံသိပ္ပံပညာရှင်များနှင့် ကားထုတ်လုပ်ရေးကျွမ်းကျင်သူများက ဂါဇီလာ-၂ အမည်ရှိ နေစွမ်းအင်သုံး မော်တော်ယာဉ်တစ်စီးကို ထပ်မံထုတ်လုပ်လိုက်ကြောင်း ဧပြီ ၂၃ ရက်က သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

၎င်းဂါဇီလာ-၂ နေစွမ်းအင်သုံးမော်တော်ယာဉ်သည် အလေးချိန် ကီလိုဂရမ် ၁၅၀ ရှိရာ ယခင်ထုတ်လုပ်ခဲ့သည့် ဂါဇီလာ-၁ နေစွမ်းအင်သုံး မော်တော်ယာဉ်ထက် ကီလိုဂရမ် ၁၀၀ ပိုမိုပေါ့ပါးသည်ဟု နေစွမ်းအင်သုံး မော်တော်ယာဉ်ထုတ်လုပ်ရေးစီမံကိန်းမန်နေဂျာ ဒေါက်တာ ကာရင်အာဘရင်နီရာက ပြောကြားသည်။

မောင်းနှင်နိုင်

ဂါဇီလာ-၂၏ အင်ဂျင်မှာ ဒီစီအမျိုးအစားဖြစ်ပြီး တစ်နာရီလျှင် ကီလိုမီတာ ၁၅၀နှုန်းအထိ အမြန်ဆုံးမောင်းနှင်နိုင်အောင် ပြုလုပ်ထားသည်။ နေစွမ်းအင်ဖူလုံစွာရရှိပါက တစ်နာရီလျှင် ကီလိုမီတာ၈၀နှုန်းဖြင့် ခရီးအကွာအဝေး ကီလိုမီတာ ၆၀၀ခန့်ကို မရပ်မနားမောင်းနှင်နိုင်သည်။ ဂါဇီလာ-၂ကို အီရန်နိုင်ငံ ကာဗင်တက္ကသိုလ်မှ ဒီဇိုင်းထုတ်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။ **(အင်တာနက်)**



အာဖဂန်နစ္စတန် မြို့ကြီးများ လေထုညစ်ညမ်းမှုဆိုးရွား

ကဘူးလ် ဧပြီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံ မြို့ကြီးများ အထူးသဖြင့် ကဘူးလ်မြို့တော်၏ လေထုညစ်ညမ်းမှုမှာ အလွန်ဆိုးရွားသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ယခုအတိုင်း ဆက်၍ ဖြစ်ပေါ်နေပါက နောက်ဆက်တွဲ ဆိုးကျိုးများနှင့် ရင်ဆိုင်ရဖွယ်ရှိကြောင်း အမျိုးသား ပတ်ဝန်းကျင် ထိန်းသိမ်းရေးဌာနအကြီးအကဲ မူစတာဖာက ဧပြီ ၂၃ရက်၌ သတိပေးပြောကြားလိုက်သည်။

ပြောကြား

ကဘူးလ်မြို့တော်နှင့် အခြားအာဖဂန်မြို့ကြီးများကို ယခုအတိုင်း ပစ်ထားပါက လာမည့်ခုနစ်နှစ်အတွင်းတွင် ဆက်လက်နေထိုင်ရန်ပင် သင့်မည်မဟုတ်ကြောင်း မူစတာဖာက နီးနှောဖလှယ်ပွဲတစ်ခုတွင် ၎င်းက ပြောကြားလိုက်သည်။

ပြောင်းရွှေ့

လေထုညစ်ညမ်းသည့်အတွက် မြို့ကြီးများ၌ နေထိုင်သူများသည် အခြားဒေသများသို့ ပြောင်းရွှေ့သွားကြဖွယ်ရှိသည်ဟုလည်း ၎င်းက ထပ်မံထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

ကျူးဘား၌ တောမီးများကြောင့် ဆုံးရှုံးမှုများပြား

ဟာဗားနား ဧပြီ ၂၃

ကျူးဘားနိုင်ငံတွင် ၂၀၁၁ နှစ်ဆန်းမှ ဧပြီ ၂၂ ရက်အထိ တောမီးလောင်မှုအကြိမ် ၄၀၀ ကျော် ဖြစ်ပွားခဲ့ခြင်းကြောင့် ဆုံးရှုံးမှုများပြားခဲ့ပြီး သစ်တောဧရိယာ ဟက်တာ ၅၀၀၀ ကျော်နှင့် မြက်ခင်းပြင်ဧရိယာ ၂၃၄၀ ဟက်တာ ပျက်စီးဆုံးရှုံးခဲ့ရကြောင်း ကျူးဘားအရာရှိများက ဧပြီ ၂၃ ရက်တွင် ပြောကြားသည်။ **(ယာပုံ)**

တောမီးလောင်ကျွမ်း

ထိုသို့ တောမီးလောင်ကျွမ်းမှုများ၏ ၈၀ ရာခိုင်နှုန်းကျော်မှာ လူတို့၏ပေါ့ဆမှု၊ ဆေးလိပ်သောက်ပြီး စည်းကမ်းမဲ့စွန့်ပစ်မှု၊ မော်တော်ယာဉ် မတော်တဆဖြစ်ရာမှ မီးလောင်မှု စသည်တို့ကြောင့်ဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ငွေကြေးဆုံးရှုံး

ကျူးဘားနိုင်ငံတွင် ၂၀၁၀ ခုနှစ် ဇန်နဝါရီမှ မေအထိ သစ်တောဟက်တာ ၅၇၁၁ မီးလောင်ခံခဲ့ရပြီး ငွေကြေးဆုံးရှုံးမှုများစွာရှိခဲ့ကြောင်း ကျူးဘားအရာရှိများက ထုတ်ဖော်ပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

တရုတ်၌ စက္ကူစက်ရုံမီးလောင် လေးဦးသေဆုံး ၁၅ဦးဒဏ်ရာရရှိ

ပေကျင်း ဧပြီ ၂၃

တရုတ်နိုင်ငံ နယူးတိုင်ပေစီးတီးတွင် ဧပြီ ၂၂ ရက်က စက္ကူစက်ရုံတစ်ရုံ၌ ပေါက်ကွဲမီးလောင်ရာ လေးဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ် အရာရှိများက ဧပြီ ၂၃ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

ယင်းဖြစ်ပွားမှုမှာ စက္ကူစက်ရုံအတွင်း မတော်တဆဖြစ်ရပ်ကြောင့် ပေါက်ကွဲမီးလောင်ခြင်းဖြစ်ပြီး စက်ရုံအဆောက်အအုံ အစိတ်အပိုင်းအချို့ မီးလောင်ပျက်စီးခဲ့သည်။

စုံစမ်းစစ်ဆေး

ဒဏ်ရာရရှိသူများကို အနီးစပ်ဆုံးဆေးရုံသို့တင်ပို့ပေးထားပြီး စက်ရုံ ပေါက်ကွဲမီးလောင်မှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ **(အင်တာနက်)**



ဥရောပအာကာသအေဂျင်စီ ဂြိုဟ်တုနှစ်လုံးလွှတ်တင်

ပါရီ ဧပြီ ၂၃

ဥရောပအာကာသအေဂျင်စီက ဂြိုဟ်တုနှစ်လုံးကို ဧပြီ ၂၂ရက် ညနေပိုင်းက ပြင်သစ်ဂီယာနာရှိ ဒုံးပျံလွှတ်တင်ရေးစခန်းမှ အောင်မြင်စွာ လွှတ်တင်လိုက်သည်။ **(အပေါ်ပုံ)**

သယ်ဆောင်

အာရီယန်-၅ အမည်ရှိ ဒုံးပျံသည် ယာဆက်ဝိုင်-ဝမ်းအေ ဂြိုဟ်တုနှင့် အင်တဲလ်ဆက်နယူးဒေါင်းအမည်ရှိ ဂြိုဟ်တုနှစ်လုံးကို သယ်ဆောင်သွားခဲ့သည်။

လွှတ်တင်ပေး

ယာဆက်ဝိုင်-ဝမ်းအေဂြိုဟ်တုမှာ ယူအေအီးနိုင်ငံအတွက် ပထမဆုံး လွှတ်တင်သည့် ဂြိုဟ်တုဖြစ်သည်။ အင်တဲလ်ဆက်နယူးဒေါင်း ဂြိုဟ်တုမှာ အာဖရိကအတွက် လွှတ်တင်ပေးသော ဂြိုဟ်တုဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်၌ လေဆင်နှာမောင်းတိုက်ခတ် အဆောက်အအုံများ ပျက်စီး လေယာဉ်ခရီးစဉ်များဖျက်သိမ်းခဲ့ရ

ချီကာဂို ဧပြီ ၂၃

အမေရိကန်နိုင်ငံ မစ်ဆူရီပြည်နယ်အရှေ့ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် ဧပြီ၂၂ရက်က အင်အားပြင်း လေဆင်နှာမောင်းများတိုက်ခတ်မှုကြောင့် စိန့်လူးဝစ်မြို့ရှိ လမ်ဘတ်လေဆိပ်အဆောက်အအုံများ အပါအဝင် အခြားအဆောက်အအုံအချို့ ပျက်စီးပြီး ခရီးသည်များ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဧပြီ ၂၃ ရက်၌ တာဝန်ရှိသူများက သတင်းထုတ်ပြန်သည်။

ပျက်စီး

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် ၎င်းလေဆိပ်ကားရပ်စခန်း အဆောက်အအုံပျက်စီးပြီး ခရီးသည်နားနေဆောင်များမှ ပြတင်းမှန်များလည်း ကွဲကာ အစိတ်အပိုင်းအများအပြား ပျက်စီးခဲ့သည်။ **(အောက်ပုံ)**

လေဆိပ်တွင် ခရီးသည်အချို့ဒဏ်ရာရရှိပြီး လေယာဉ်ခရီးစဉ်အချို့လည်း ဖျက်သိမ်းခဲ့ရကြောင်း၊ လေပြင်းများနှင့် လေဆင်နှာမောင်းများမှာ စိန့်လူးဝစ်မြို့ဝန်းကျင်ဒေသ၌ ဆက်လက်တိုက်ခတ်လျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

24-4 (12).pmd 1 4/24/2011, 2:49 AM

(၂၈)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာဦးငွေးကြွယ် (အရိုး၊ အကြော ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး)-ချစ်မေမေ ဒေါ်တင်ယုထွေး(ထူးထူး) (အထက်တန်းပြ၊ အထက-၃၊ မန္တလေး)တို့၏ ၂၄-၄-၂၀၁၁ ရက်တွင် ကျရောက်သော (၂၈)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်နှလုံးကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကိုပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလျက်-

ချစ်သားကြီး - သော်သူရိန်ငွေး
A.G.T.I (E.C), B.Sc (Maths)
BAR MA HTE Co., Ltd.

ချစ်သားငယ် - ကျော်ဝေယံငွေး
(3rd Year၊ မွေးမြူရေးနှင့်ဆေးကုသရေးတက္ကသိုလ်)ရေဆင်း
- 'တင်'မောင်နှမတစ်စု၊ ရန်ကုန်မြို့။

လက်ထပ်ပြီးစီးခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့၊ အမှတ်(၆)ရပ်ကွက်၊
ဘုရင့်နောင်(၂)လမ်းနေ
(ဦးခင်ဝင်း)၊ (ပစ္စည်းစီမံဌာန)-ဒေါ်ဝင်းကြည်(သယ်ပို့စက်ပြင်ဌာန၊
မြန်အောင်ရေနံမြေ)တို့၏သား
ဦးမင်းသူ(စီမံခန့်ခွဲရေးဌာန၊ ပြည်ရေနံမြေ)၊ ဒေါ်စုစုလှိုင်
(စီမံခန့်ခွဲရေးဌာန၊ မြန်အောင်ရေနံမြေ)တို့၏ ညီ၊ မောင်

မောင်စိုးညီညီ (B.N.Sc)

(Project Officer: Save the Children) နှင့်
ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ပဲနွယ်ကုန်းမြို့၊
မြို့မရပ်ကွက်နေ
ဦးမြင့်အောင် (မှုလွှန်၊ မြို့မ)-ဒေါ်စန်းစန်းကြွေ
(အထက၊ ပဲနွယ်ကုန်း)တို့၏သမီး၊
မောင်ဖွဲ့ကိုကိုအောင် (2nd Year Civil) ၏ အစ်မ

မဝင့်နန္ဒာအောင် (B.N.Sc)

(Enrolled Nurse, Apex Harmony lodge, Singapore)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီ ခွင့်ပြုချက်ဖြင့် ၂၂-၄-၂၀၁၁ရက်တွင် လက်ထပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်စိုးညီညီ-မဝင့်နန္ဒာအောင်။

မြန်မာနှစ်ဆန်းတစ်ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ဦးစီးကျင်းပသည့် (၁၇)ကြိမ်မြောက် ဌာနဆိုင်ရာ သက်ကြီးပူဇော်ပွဲတွင် မြို့ပေါ်ခြောက်ရပ်ကွက်နှင့် နောင်ကျောကျေးရွာအုပ်စုတို့မှ အဘိုးအဘွား ၂၁ ဦးတို့အား အလှူငွေနှင့် ဆေးဝါးပစ္စည်းတို့ဖြင့် စုပေါင်းလှူဒါန်းကန်တော့ကြစဉ်။ (ဝ၅၅)

အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

မြန်မာ့အလင်း မှုခင်းသတင်း

ငွေသားနှင့် ရွှေထည်ပစ္စည်း ကျပ်နှစ်ဆယ့်သုံးသိန်းကျော်ခိုးယူမှု တိုင်ချက်ဖွင့်ပြီး ၂၄ နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက် အထက်ကြည့်မြင်တိုင်လမ်းမကြီးပေါ်ရှိ တိုက်တစ်တိုက်၏ ခုနစ်လွှာတွင် မတ် ၁၄ ရက် နံနက်လင်းအားကြီးအချိန်က ငွေနှင့်ရွှေထည်ပစ္စည်းမျိုးစုံ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၃၆၅၀၀၀ ခန့် (ကျပ်နှစ်ဆယ့်သုံးသိန်း ခြောက်သောင်းငါးထောင်ခန့်) အခိုးခံရမှုဖြစ်ပွားခဲ့သည်။

ညအိပ်တည်းခို

ဖြစ်စဉ်မှာ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အရှေ့ပိုင်းရပ်ကွက် ရွှေတွင်းကုန်းရပ်တွင်နေထိုင်သူ မူလတန်းပြ ဆရာမ ဒေါ်ထားထားဦး (ဘ)ဦးလှမြင့်သည် မတ် ၁၃ ရက်က ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးအရှေ့ရပ်ကွက်ရှိ အစ်မဖြစ်သူ၏ တိုက်ခန်းတွင် လာရောက် ညအိပ်တည်းခိုခဲ့သည်။

နောက်တစ်ရက် မတ် ၁၄ ရက် နံနက် ၆ နာရီခန့်၌ အိပ်ရာမှနိုး၍ကြည့်ရာ အိပ်ခန်းအတွင်းသေတ္တာပေါ်တွင် ညကတင်ထားခဲ့သော ငွေသားရောရာ ကျပ်ရှစ်သိန်းခန့်နှင့် ရွှေထည်ပစ္စည်းများ စုစုပေါင်းတန်ဖိုး ကျပ်နှစ်ဆယ့်သုံးသိန်းကျော်ထည့်ထားသည့် အညိုရောင် စလင်းဘတ်အိတ်မှာ ပျောက်ဆုံးနေကြောင်း သိရသည်။

အမှုဖွင့်တိုင်ကြား

တရားလိုဒေါ်ထားထားဦးမှာ အမှုဖြစ်ဖြစ်ချင်း အမှုဖွင့်တိုင်ကြားခြင်းမရှိဘဲ မိမိနေရပ် ချောက်မြို့နယ်သို့ တစ်ခေါက်ပြန်သွားခဲ့သည်။ ချောက်မြို့နယ်မှ ရန်ကုန်မြို့သို့ တစ်ခေါက်ပြန်လာပြီး ဧပြီ ၁၉ ရက်တွင်မှ ကြည့်မြင်တိုင်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သည်။

တိုင်ကြားမှုအားလက်ခံပြီးသည်နှင့် စခန်းမှူး ရဲအုပ်အောင်ငွေစိုး၊ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် ကျော်ဟိန်း၊ အမှုစစ် ဒုတိယရဲအုပ် အောင်ကျော်ထူးနှင့်အဖွဲ့က ဖြန့်ကြက်စုံစမ်းမှုများပြုလုပ်ခဲ့ရာ မသင်္ကာစာရင်းဝင် ကြည့်မြင်တိုင်ဘူတာအနီးတွင် အခြေအနေမဲ့နေထိုင်သူ သန်းထွန်းဦး(ခ) မြကြီး ၃၆ နှစ် (ဘ) ဦးတင်ငွေ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် အလန်းကျေးရွာနေသူနှင့် ခင်ဇော် ၄၈ နှစ် (ဘ) ဦးစိန်အောင်(လိပ်စာတူ) တို့အား ခေါ်ယူစစ်ဆေးခဲ့ရာ တိုင်ကြားသည်မှ ၂၄ နာရီအတွင်း ကိုယ်တိုင်ခိုးယူသည့် ကျော်ကျော်(ခ)ကျော်စိုးမိုး ၁၅ နှစ် (ဘ) ဦးညာဏ ဇေယျာ(၁) ရပ်ကွက် မော်လမြိုင်မြို့တွင် နေထိုင်သူအား အဓိကတရားခံအဖြစ် ဖော်ထုတ်နိုင်ခဲ့သည်။

ထွက်ပြေးတိမ်းရှောင်

တရားခံ ကျော်ကျော်(ခ) ကျော်စိုးမိုးမှာ မအူပင်မြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်နေသဖြင့် ကြည့်မြင်တိုင်ရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုတိယရဲအုပ် ကျော်ဟိန်းနှင့်အဖွဲ့က မအူပင်မြို့နယ်ရဲစခန်းနှင့် ချိတ်ဆက်ပြီး တရားခံကို ဖမ်းဆီးနိုင်ခဲ့ပြီးနောက် မအူပင်မြို့နယ်နှင့် လှိုင်မြို့နယ် အပေါင်ဆိုင်များတွင် ပေါင်နှံထားသော ရွှေထည် ပစ္စည်းများကို ပြန်လည်သိမ်းယူနိုင်ခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ တရားခံ ကျော်ကျော်(ခ) ကျော်စိုးမိုးမှာ လွန်ခဲ့သော ခြောက်နှစ်ခန့်က မော်လမြိုင်မှ ရန်ကုန်မြို့သို့ အိမ်ပြေးအဖြစ် ထွက်ပြေးလာခဲ့ပြီး ကြည့်မြင်တိုင်ဘူတာအတွင်း အခြေပြု၍ ဘူးခွံ၊ ပုလင်းခွံ ကောက်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းသူဖြစ်ကြောင်း သိရသည်။

၄င်းသည် မတ် ၁၄ ရက် နံနက် ၃ နာရီခွဲခန့်က ကြည့်မြင်တိုင်မြို့နယ် ရတနာပုံလမ်း နောက်ဖေးလမ်းကြားမှတစ်ဆင့် ဝင်ရောက်၍ ပစ္စည်းများရှာဖွေကောက်ယူရင်း အဆိုပါတိုက်နောက်ဖေးသို့ အရောက်၌ လှေကားမှတစ်ဆင့် ခုနစ်လွှာသို့တက်ခဲ့ကြောင်း၊ တိုက်ခန်းနောက်ဖေး သစ်သားတံခါးမှာ ပွင့်လျက်ရှိပြီး အတွင်းသံပန်းတံခါးမှာလည်း သော့ခတ်ထားခြင်းမရှိသည့်အတွက် အိပ်ခန်းအတွင်းသို့ အတားအဆီးမဲ့ ဝင်ရောက်နိုင်ခဲ့ပြီး ငွေနှင့် ပစ္စည်းများထည့်ထားသည့် စလင်းဘတ်အိတ်အား အလွယ်တကူ ခိုးယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အရေးယူထား

အဆိုပါခိုးမှုကို ကျူးလွန်ခဲ့သူ ကျော်ကျော်(ခ) ကျော်စိုးမိုးအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူထားကြောင်း သိရှိရသည်။ (ဝ၄၂)

မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း အရှေ့တောင်အာရှပြိုင်ပွဲအတွက် ပြင်ဆင်လေ့ကျင့်

ရန်ကုန် ဧပြီ ၂၃

မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်းသည် ယခုအခါအရှေ့တောင်အာရှပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုဆွတ်ခူးရရှိနိုင်ရေးအတွက် ပြင်ဆင်လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ ထိုသို့ ပြင်ဆင်လေ့ကျင့်လျက်ရှိသည့် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံဘော်လီဘောအဖွဲ့ချုပ် လေ့ကျင့်ရေးအားကစားရုံသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး၊ နည်းစနစ်မှူးများနှင့်အတူ ယနေ့ နံနက် ၇ နာရီက ရောက်ရှိပြီး ဘော်လီဘောအားကစားသမားများ ပြင်ဆင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

အလားတူ ဒုတိယဝန်ကြီးသည် မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်၊ တိုက်ကွမ်ဒိုအဖွဲ့ချုပ်၊ အလေးမအဖွဲ့ချုပ်၊ ရေကူးအဖွဲ့ချုပ်၊ ဂျူဒိုအဖွဲ့ချုပ်နှင့် စားပွဲတင်တင်းနစ်အဖွဲ့ချုပ်များသို့ သွားရောက်ပြီး လက်ရွေးစင် အားကစားသမားများလေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရသည်။ **(အား/ကာ)**

မြန်အောင်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

မြန်အောင် ဧပြီ ၂၃

မြန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ၏ ကြီးကြပ်မှုဖြင့် ဝန်ထမ်းများသည် မတ် ၃၁ ရက်က မြန်အောင်မြို့ ကျိုတ္တန်းအလယ်လမ်း တာကြီးတန်း လမ်းဖြတ်အား ရေစီးရေလာကောင်းမွန်ရေး အတွက် အမှိုက်များ ရှင်းလင်းခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

အထက်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဧပြီ ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းဒေသကြီးတွင် ဧပြီလ၏ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ဧပြီ ၂၄ ရက်ညနေအထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြေကြီး၊ မြေပုံ၊ မြေစာရင်းမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဧပြီ ၂၃

နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်တွင် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့်သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်းဆောင်ရွက်လျက်ရှိရာ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန(ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူး ဦးတင်နိုင်ထွန်းသည် **(ယာပုံ)** ဧပြီ ၂၁ ရက်က ပုဗ္ဗသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်ရှိ ညောင်လူးအုပ်စု၊ လယ်သာအုပ်စု၊ ဥယျာဉ်အုပ်စု၊ ဖြုတ်ခွဲအုပ်စု၊ ခေတ်အေးအုပ်စု၊ နန်းအောအုပ်စုများတွင် ဆောင်ရွက်လျက်ရှိသည့် မြေကြီး၊ မြေပုံ၊ မြေစာရင်းနှင့် သီးနှံစိုက်ဧက မှန်ကန်ရေးလုပ်ငန်း ကွင်းဆင်းဆောင်ရွက်နေမှုကို စစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်းဦးစီးဌာန)**

ရင်ကျပ်ရောဂါနဲ့ ယောဂကျင့်စဉ်

ရွှေခိုင်သိမ်း(ဘဏ်)

ကျွန်တော် ငယ်စဉ်က ရင်ကျပ်ရောဂါ (Asthma) ရှိခဲ့ဖူးပါတယ်။ အရွယ်ရောက်လာတော့ မေးမှိန်သွားတယ်။ တစ်ခါ အသက် ၃၀ လောက်ရှိလာတော့ ပြန်ဖြစ်လာတယ်...ရိုးရိုးမဟုတ်ဘူး၊ ပြင်းထန်လာတယ်။ ဒီရောဂါက ဖြစ်ဖူးမှ သိတယ်၊ ဖြစ်တဲ့လူလည်း မသက်သာ၊ (ထိုင်မရ၊ ထမရ၊ လှဲမရ၊ အိပ်မရ ဟောဟဲ ဟောဟဲ တရှီးရှီးနဲ့ အခုသေမလားလို့တောင်ထင်ရတယ်။) မြင်ရတဲ့လူလဲ မသက်သာ (မသက်သာဆိုတာ ရင်ကျပ်နေတဲ့လူကို ဘာမှ အကူအညီမပေးနိုင်လို့ လက်မှိုင်ချနေရတယ်။) တကယ်ကျေးဇူးတင်ထိုက်တာက အိမ်သူသက်ထားပါ။ အပူလိုရင် အပူ၊ အအေးလိုရင် အအေး၊ နေ့မအား၊ ညမအား ကိုယ်ဖိရင်ဖိကူညီပေးပါတယ်။ ဘဝအဖော်မွန်ဆိုတာ ဒါပါပဲ။

ဆေးတိုက်ကိုသွား၊ ဆေးတိုက်ကိုသွားတယ်ဆိုတာ လူနာကို အမြဲတမ်းကားပေါ်တင်ပြီးမှသွားရတာကို ပြောတာပါ။ တစ်ထွာလောက်ခရီးကိုတောင် လမ်းမလျှောက်နိုင်ဘူး။ ကားစီးရတယ်။ ဆေးတိုက်ရောက်တော့ အမိုင်နိုခေါ်တဲ့ အကြောဆေးကို ထိုးပေး၊ ဒါကလည်း သိကြားမင်းဆေးတစ်လက်ပါပဲ... ချက်ချင်းပဲ ရင်ကျပ်ကပျောက်ပြီး အကောင်းပကတိလို စွမ်းဆောင်ပေးနိုင်တဲ့ဆေးပါ။ ဒါပေမယ့် မကြာပါဘူး ပြန်ဖြစ်တယ်....။

အနောက်တိုင်း စားဆေး၊ သောက်ဆေး၊ ထိုးဆေးသုံးပေမယ့် ခဏပဲ။ ဒါနဲ့ မြန်မာဆေးကမှ အမြစ်ပြတ်တယ်ပြောလို့ မြန်မာဆေးဘက်ကိုလှည့်ပြီး လုပ်ကြည့်တယ်။ သောက်လိုက်စားလိုက်ရတဲ့ မြန်မာရင်ကျပ်ပျောက်ဆေး မနည်းပါဘူး... အရက်ပါတဲ့ လက်ချားနဲ့အရက်...တဲ့။ ပျားရည် သံပရာရည်နဲ့ အရက်...တဲ့၊ မျောက်သွေးနဲ့အရက်...တဲ့ စုံလို့...။ စာရေးသူလည်း ငယ်ငယ်က အရက်ကိုမှီဝဲတဲ့ ဝါသနာပါခဲ့လေတော့ အရက်ပါတဲ့ဆေးဆိုရင် လာခဲ့... ပူပူခါးခါး မစဉ်းစားတော့ဘူး။

ဒါတောင် ဟုတ်ပါရိုးလား...။ ရန်ကုန်မှာ နာမည်ကြီးဆေးဆရာတစ်ယောက်က ရင်ကျပ်ရောဂါအမြစ်ပြတ်အောင် နားကိုခွဲပေးတယ်ပြောလို့ ဒီဆရာဆီသွားပြီး နားရွက်နှစ်ဖက်ကို ဓားနဲ့အခွဲခံလိုက်ရတယ်။ ထက်တဲ့ ဓားပါးပါးလေးနဲ့ နားရွက်တစ်ဖက်စီကို ဇစ်...ဇစ်...ဇစ်...နဲ့ သုံးချက်လောက် လှီးပေးတာပါ။ ထုံဆေးတို့ ဘာတို့မသုံးပါ။ နာလိုက်သည့်ဖြစ်ခြင်း။ ပြီးတော့ မီးကလေးနှစ်ယောက်ကထိုင်ပြီး ခွဲထားတဲ့နားကို ငွမ်းစကလေးကိုင်ပြီး သွေးညှစ်ပေးပါတယ်။ သွေးကုန်အောင်ညှစ်ရတယ်လို့ ပြောသံကြားမိရဲ့။ သွေးနီနီငွမ်းစကလေးတွေ အများကြီး ကျွန်တော့်ရှေ့မှာ ချထားတယ်။ သွေးလန့်တတ်တဲ့သူဆိုရင် အဲဒီမှာတင် မူးမေ့သွားနိုင်တယ်။ ဓားနဲ့ခွဲတာထက် သွေးကိုညှစ်ပေးတဲ့အခါမှာ အခံရခက်လိုက်တာ။ ဒါပေမယ့် စောစောက မပြောရသေးတဲ့ အချောအလှကလေးနှစ်ယောက်က အကျအနအကိုင်အတွယ် ကျွမ်းကျင်တော့ နာတော့နာတယ်...၊ ဒါပေမယ့် မနာဘူး...ဆိုတဲ့အတိုင်း ဖြစ်သွားတယ်။ အချိန်တန်လို့ အိမ်ပြန်တော့ ဒုံရင်းအတိုင်းပါပဲ။

နားခွဲလိုက်ရတဲ့ ကုသမှု၊ အနောက်တိုင်းဆေး၊ မြန်မာတိုင်းရင်းဆေးကြားသမျှ မြင်သမျှ သောက်ပြီးပါပြီ။ ကုသပြီးပါပြီ။

တစ်ချက်ကျန်သေးတယ်။ စာရေးသူ ပြည်နယ်တစ်ခုကို တာဝန်အရပြောင်းသွားရတယ်။ အဲဒီမှာလည်း သတင်းကောင်းတစ်ခုက ရင်ကျပ်ရောဂါဖြစ်လို့ လည်ပင်းကိုခွဲပေးရင် ပျောက်တယ်ဆိုတာပဲ။ ဆေးရုံက ဆရာမတစ်ယောက် ရင်ကျပ်နေတာ လည်ပင်းကို ခွဲပေးလိုက်တာနဲ့ ပျောက်ကင်းကြောင်းကိုလည်း ကိုယ်တိုင်မေးကြည့်လို့ သိရတယ်။ ဆေးရုံတက်ပြီး ခွဲမယ်လုပ်တော့ ပြည်နယ်ဆရာဝန်ကြီးက တကယ့်စိတ်စေတနာအပြည့်နဲ့ လမ်းညွှန်တယ်။ (ကျွန်တော် ယနေ့တိုင် ဒီဆရာကြီးရဲ့ဆေးပညာကို လေးစားပါတယ်။) ဆရာကြီးက ပြောပါတယ်။ လည်ပင်းခွဲတယ်ဆိုတာ ကမ္ဘာမှာတောင် စမ်းသပ်တဲ့အဆင့်ပါ...တဲ့။ ဒီတော့ မခွဲပါနဲ့...တဲ့။ ခွဲစိတ်လိုက်လို့ မတော်တဆ အနာရင်းလာရင်လဲ မကောင်းဘူး...တဲ့။ ဒီတော့ ဒီစပယ်ရှယ် ဆေးဖျော်ရည်ကို သောက်ကြည့်ပါ...တဲ့...။ ဆရာကြီးရဲ့ စပယ်ရှယ်ဆေးဖျော်ရည်လဲ တခြားဆေးတွေလိုပဲ မထူးပါဘူး။ ဒါနဲ့ ကျွန်တော် လည်ပင်းကိုမခွဲဖြစ်လိုက်ဘူး။

ရင်ကျပ်ရောဂါ သံသရာဝဲသြဃမှာ နစ်မျောနေရပါတယ်။ ဒီတောင်ကို ဘယ်တော့ကျော်နိုင်ပါ့...။

ဒီတော့ ကျွန်တော် တခြားနည်းတွေ ရှာဖွေကြည့်တယ်။ ဆရာဗိုလ်မင်းဟံရေးတဲ့ သိပ္ပံနည်းကျ စိတ်ပျိုကိုယ်နု ယောဂကျင့်စဉ်များစာအုပ်ကို ဖတ်တယ်။ ဒီကျင့်စဉ်ဟာ ကာယလေ့ကျင့်ခန်းမဟုတ်ဘူး။ ကျင့်စဉ်တစ်မျိုးစီ တစ်မျိုးစီကိုပဲ အချိန်အသင့်အတင့် မလှုပ်မယှက် ငြိမ်ပြီးနေရတဲ့ ကျင့်စဉ်ဖြစ်တယ်။ လှုပ်လှုပ်ရှားရှား လေ့ကျင့်ခန်းမျိုးမဟုတ်ဘူး။ စာရေးသူက ကျင့်စဉ် ၁၈ မျိုးလောက် လုပ်ပါတယ်။

ကြုံကြိုက်လိုက်တဲ့ သာဓကတစ်ခုက ပျဉ်းမနားမှာပါ။ ဧည့်သည်ဖြစ်တဲ့ အသက် ၈၀ ကျော်လောက်ပုဂ္ဂိုလ်ကြီးဟာ ကြည့်ရတာ အသက် ၅၀ လောက်ပဲ ထင်ရတယ်။ ပြီးတော့ သန်သန်မာမာ ထွားထွားကျိုင်းကျိုင်း အိမ်ပေါ်တက်သွားတာ လူငယ်တစ်ယောက်အလား ပေါ့ပါးနေတယ်။ ဒါနဲ့ စုံစမ်းကြည့်တော့ ကျွန်တော့်တူမက ပြောပြတယ်။ ဒီဦးလေးကြီးဟာ ယောဂကျင့်စဉ်ကို ပုံမှန်ကျင့်လာတာ...တဲ့။ ဒါနဲ့ ဦးလေးလိုချင်ရင် သင်ပေးမယ်ပြောလို့ ကျွန်တော့်တူမဆီမှာ ယောဂကျင့်စဉ်ကို ကျွန်တော်သင်ခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး ရင်ကျပ်ရောဂါဝေဒနာကို ပျောက်ချင်တဲ့အာသီသနဲ့ ဆက်တိုက်လေ့ကျင့်လိုက်တာ ခြောက်လအတွင်းမှာ ရပ်ကျပ်တာ ကျဲတဲတဲ ဖြစ်လာတယ်။ ဆက်တိုက် သုံးနှစ်လုံးလုံး လေ့ကျင့်လိုက်တော့ ရင်ကျပ်ရောဂါ သက်သာသွားတယ်။ အရင်ကထက် အများကြီးတိုးတက်လာတယ်။ အမိုင်နိုဆေး မသွင်းရတော့ဘူး။ တစ်နှစ်တစ်ကြိမ် ပုံမှန်အဖြစ် ဆေးရုံကိုတက်ပြီး မကုသရတော့ဘူး။ ရင်ကျပ်တာနဲ့အတူ ပူးတွဲပါလာတဲ့ လက်ဝဲဘက်ကျောပြင်ကြီး အမြဲအောင့်နေတာ၊ ရာသီဥတု အဆင်မသင့်ရင် ဟတ်ချိုးဟတ်ချိုးနဲ့ အကြိမ်ကြိမ် နှာမွန်တတ်တာ၊ တစ်သမတ်တည်း ခြေဖျားလက်ဖျားအေးပြီး ခန္ဓာကိုယ်တွင်းက ချစ်ချစ်တောက်ပူနေတတ်တာ၊ မကြာမကြာ ဖျားတတ်တာ (ကျွန်တော့်သူငယ်ချင်းတွေကတော့ မီးယပ်ပိန် မီးယပ်ချမ်းထတာလို့ ပြောကြပါရဲ့ ဗုဒ္ဓေါ...ယောကျ်ားစင်စစ်က...)။ ဒါတွေအားလုံး အခုအချိန်မှာ မဖြစ်တော့ဘူး။ (အခုဆိုရင်သွေးလည်ပတ်တာမှန်လို့ လက်ဖျားခြေဖျား ပူနွေးနေပါတယ်၊ ခန္ဓာကိုယ်လည်း အရင်ကလို ချစ်ချစ်တောက်မပူတော့ဘူး။) အရိုးပေါ်အရေတင်တဲ့ ခန္ဓာကိုယ်လည်း ပုံမှန်အတိုင်းဖြစ်လာတယ်။ အခုထိ ယောဂကျင့်စဉ်ကို ကျင့်ဆောင်လျက်ပါ။ ရုံးအပြန် ညနေပိုင်း ယောဂကျင့်စဉ်အတွက် အချိန်တစ်နာရီလောက်တော့ ပေးရပါတယ်။ ဒီတော့ ရင်ကျပ်ရောဂါနဲ့အတူ ဒီအဆွယ်အပွားရောဂါတွေအားလုံး ဒီကနေ့အထိ တစ်ခုမှမဖြစ်တော့ပါ။ အများကပြောကြတဲ့ အရိုးကျီးပေါင်းတက်ရောဂါလည်း ကင်းရှင်းပါတယ်။

ဆရာဝန်ကြီးများ အဆိုအမိန့်အရ ရင်ကျပ်ရောဂါဟာ မတည့်တာတစ်ခုခုနဲ့သွားတိုးမိရင် (အစားအသောက်၊ ရေချိုးမှား၊ ပြင်းထန်တဲ့အပူအအေး အနံ့အသက်...စတာတွေ) ဆတ်တောက်ခြင်း (Allergy) ဖြစ်ရာက ရင်ကျပ်တယ်လို့ သိရပါတယ်။

ဆေးမြီးတိုအဖြစ် ဆေးတစ်မျိုးမျိုးကို စွဲစွဲမြဲမြဲစားရင် အချွဲများရင်ဘတ်က အိတ်လိုက်ကျွတ်ထွက်လာပြီး ရင်ကျပ်ရောဂါဟာ အမြစ်ပါမကျန်ပျောက်တယ်ဆိုတာ... မစားရဝခမန်း ပြောကြပေမယ့်၊ ကျွန်တော့်ကိုယ်တွေ့အရတော့ ဒီစကားမမှန်ပါ။ တီဘီရောဂါဖြစ်တာ ပိုးကြောင့်ဖြစ်လို့ ပိုးသတ်ဆေးပါတဲ့ ထိုးဆေး၊ စားဆေးကို ဆရာဝန်ညွှန်ကြားတဲ့အတိုင်း အချိန်အတော်ကြာ မှီဝဲလိုက်ရင် တီဘီပိုးတွေသေသွားလို့ တီဘီရောဂါပျောက်ကင်းတယ်ဆိုတာ မှန်ပါတယ်။ ရင်ကျပ်ရောဂါဟာ တီဘီတို့လို ပိုးကြောင့်ဖြစ်တာ မဟုတ်လေတော့ ဆတ်တောက်ခြင်း (Allergy)ကို ပျောက်အောင် ပယ်သတ်ဖို့ မလွယ်ဘူးလို့ ကျွန်တော်ထင်ပါတယ်။ ကိုယ်ခံစွမ်းအားကောင်းအောင်သာ နေဖို့လိုမယ်ဖြစ်ပါတယ်။ အခုလည်း တစ်ခါတစ်ခါ ကျပ်ချင်သလိုဖြစ်တတ်ပါသေးတယ်။ ဒါကြောင့် ရင်ကျပ်ရောဂါရှူဆေး (Salbutamol Inhaler)ကို ဆောင်ထားပါတယ်။ အခက်ကြုံတဲ့အခါ တစ်ချက်ကလေးရှူလိုက်ရင် လုံးဝသက်သာစေတဲ့ ဆေးဖြစ်ပါတယ်။ တစ်ခါတစ်ရံမျှသာ ဖြစ်ပါတယ်။ အရင်ကလို နေ့စဉ်ရက်ဆက် ဝေဒနာခံစားရတာမျိုး လုံးဝမရှိတော့ပါ။

ယောဂကျင့်စဉ်ကို နိစ္စဓူဝလုပ်လာတဲ့ အကျိုးတရားကြောင့် ကိုယ်ခံစွမ်းအားကောင်းလာလို့ အပြင်းအထန် ကျွန်တော့်ကိုနှိပ်စက်ခဲ့တဲ့ ရင်ကျပ်ရောဂါဟာ ကျွန်တော့်ဆီကိုအလည်အပတ်အဖြစ် ယောင်လို့များတောင် မလာဝံ့တော့ပါ။

ဆရာဗိုလ်မင်းဟံနဲ့ ယောဂကျင့်စဉ် သင်ပြပေးခဲ့တဲ့ တူမလေးနဲ့တကွ အနားမှာ ရေပူရေချမ်း အမြဲကမ်းလှမ်းပေးတဲ့ အိမ်ကဇနီးကို အသက်ထက်ဆုံး ကျေးဇူးတင်လျက်...။ ။

လုပ်ငန်းစွမ်းဆောင်ရည်တိုးတက်မြင့်မားရေး ပညာပေးသင်တန်း စစ်ကိုင်းမြို့၌ဖွင့်

စစ်ကိုင်း ဧပြီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်မန်နေဂျာရုံးမှ ကြီးမှူးကျင်းပသော လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်မြင့်မားရေး ပညာပေးသင်တန်းဖွင့်ပွဲကို မတ် ၁၇ရက် နံနက် ၈နာရီက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခရိုင်မန်နေဂျာရုံး စစ်ကိုင်းမြို့၌ ကျင်းပသည်။

သင်တန်းပို့ချ

ဖွင့်ပွဲအခမ်းအနားတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး မန်နေဂျာကိုယ်စား ဒုတိယတိုင်းမန်နေဂျာ ဦးသိန်းဝင်းကအမှာစကားပြောကြားပြီး စစ်ကိုင်းခရိုင်မန်နေဂျာဦးတိုးဝေက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့်လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

သင်တန်းကာလမှာ နှစ်ရက်ဖြစ်ပြီး သင်တန်းတွင် စိုက်ပျိုးရေး သုတေသနမှပညာရှင်များဖြစ်သည့် ဒေါ်တင်တင်မြင့် (ဒုတိယညွှန်ကြားရေးမှူး)က စပါးမျိုးကောင်းမျိုးသန့် မွေးမြူထုတ်လုပ်ခြင်းနည်းပညာများ၊ ဒေါ်သန်းသန်းစိုး (ဒုတိယညွှန်ကြားရေးမှူး)က စပါးသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရန် ပြုပြင်ဆောင်ရွက်ရမည့်နည်းစနစ်များနှင့် သီးနှံပုံစံရေးဆွဲနည်းပညာရပ်များ၊ ဦးသန့်လွင်ဦး (ဒုတိယညွှန်ကြားရေးမှူး)က ဂျုံနှင့် အစေ့ထုတ်ပြောင်း သီးနှံစိုက်ပျိုးနည်းပညာများ၊ ဒေါ်မြင့်မြင့်စန်း (လက်ထောက်ညွှန်ကြားရေးမှူး)က သီးနှံရောဂါကာကွယ်နှိမ်နင်း နည်းပညာများ၊ ဒေါ်ခင်မာမာနွယ် (လက်ထောက်ညွှန်ကြားရေးမှူး)က ဆီထွက်သီးနှံ စိုက်ပျိုးနည်းပညာများ၊ ဒေါက်တာစုစုဝင်း (လက်ထောက်ညွှန်ကြားရေးမှူး)က မြေသြဇာ အကျိုးရှိစွာ အသုံးပြုခြင်း နည်းပညာများ၊ ဒေါက်တာမူမူကျော် (လက်ထောက်သုတေသနအရာရှိ)က သီးနှံပိုးမွှားကာကွယ်နှိမ်နင်းနည်းပညာများ၊ ဒေါက်တာထွန်းရွှေ (လက်ထောက်သုတေသနအရာရှိ)က ပဲမျိုးစုံသီးနှံ စိုက်ပျိုးနည်းပညာရပ်များကို သင်တန်းပို့ချပေးခဲ့သည်။ **(စိုက်ပျိုးရေး)**

ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့အခမ်းအနား မြင်းခြံ၌ ကျင်းပ

မြင်းခြံ ဧပြီ ၂၃

၂၀၁၁ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၅ ရက် နံနက် ၁၀ နာရီက မြင်းခြံခရိုင် ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြင်းခြံခရိုင် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမြတ်ခိုင်က ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး၏ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့သဝဏ်လွှာကို ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

လူမှောင်ခိုလူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေးဟောပြောပွဲ ကသာမြို့၌ကျင်းပ

ကသာ ဧပြီ ၂၃

လူမှောင်ခို လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို မတ် ၂၁ ရက် နံနက် ၉ နာရီက ကသာမြို့ အမှတ်(၉)ရပ်ကွက်ရုံး၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် ကသာမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထိုက်က အမှာစကားပြောကြားပြီး မြို့နယ် ဒုတိယတရားသူကြီး ဦးစိုးမိုးအောင်က လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပြစ်ဒဏ်များကိုလည်းကောင်း၊ မြို့နယ် ခေတ္တရဲတပ်ဖွဲ့မှူး ရဲအုပ်စောစိုးမိုးက မူးယစ်ဆေးဝါးအလွဲသုံးမှု ပပျောက်ရေးများကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြို့နယ်
သတင်း
ထွေတလာ

တနိုင်းမြို့၌ ၄၁၁၀ ပေ × ၁၈ ပေရှိ မြို့တွင်းကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းမကြီးဖွင့်ပွဲကို မတ် ၂၉ ရက်တွင် လမ်းမုခ်ဦး၌ကျင်းပရာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားစဉ်။ (မြို့နယ်စည်ပင်)

မီးဘေးကြိုတင်ကာကွယ်ရေး ငပုတော၌သရုပ်ပြလေ့ကျင့်

ငပုတော ဧပြီ ၂၂

ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝင်းအတွင်းရှိ ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာ၊ စက်သုံးဆီသိုလှောင်ရုံနှင့် ကားဂိုဒေါင်များ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၅ ရက်က အမှုဆောင်အရာရှိ ဦးတိုးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာတို့ကြီးကြပ်လျက် အဖွဲ့ရုံးဝန်ထမ်းများဖြင့် သရုပ်ပြလေ့ကျင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သောက်သုံးရေအတွက် အဝီစိတွင်းများတူးဖော်

မြန်အောင် ဧပြီ ၂၂

မြန်အောင်မြို့နယ် စည်ပင်သာယာရေးဌာန၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် အဝီစိတွင်းများကို တူးဖော်လျက်ရှိရာ သဲဖိုကျေးရွာနှင့် နတ်တောင်ကျေးရွာများတွင် အဝီစိတွင်းတစ်တွင်းစီ တူးဖော်ပေးခဲ့သည်။ ထို့အတူ မြို့နယ်အတွင်းရှိ စည်ပင်သာယာဈေးများဖြစ်သော အင်ပင်ဈေးနှင့် သပြေကုန်းဈေးတို့တွင်လည်း အဝီစိတွင်းတစ်တွင်းစီ တူးဖော်ပေးခဲ့သည်။ အဝီစိတွင်းများနှင့်အတူ အင်ဂျင်ရေစုပ်စက်နှင့် ဂါလန် ၁၃၅၀ ဆံ့ရေကန်များကို တစ်ပါတည်း တပ်ဆင်တည်ဆောက်ပေးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)** (၂၀၂)



မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ သက်ကြီးများနှင့် မသန်စွမ်းသူများအား ဂုဏ်ပြုထောက်ပံ့ငွေချီးမြှင့်

မိတ္ထီလာ ဧပြီ ၂၂

မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီက အသက်(၈၀)နှင့်အထက် သက်ကြီးအဖွဲ့ဝင်များ၊ မသန်စွမ်းအဖွဲ့ဝင်များအား ဂုဏ်ပြုထောက်ပံ့ချီးမြှင့်သည့် အခမ်းအနားကို မတ် ၂၀ ရက် နံနက် ၁၀ နာရီက ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည်။

ထောက်ပံ့ချီးမြှင့်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်သန်းလွင်နှင့် မိတ္ထီလာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးတင်မောင်ဌေး(ငြိမ်း) တို့က အမှာစကားပြောကြားပြီး သက်ကြီးစစ်မှုထမ်းဟောင်း တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ န္နီး၊ မသန်စွမ်းအဖွဲ့ဝင် (နှစ်မျိုးစွန့်) တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ ကျပ်နှင့် (တစ်မျိုးစွန့်) တစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ ကျပ် ဂုဏ်ပြုထောက်ပံ့ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ **(ယာပုံ)** **(ခရိုင် ပြန်/ဆက်)**

မြို့နယ် သတင်း ထွေတလာ

ရတနာပျိုးခင်း မူကြိုကျောင်းသစ်ဖွင့်

ကသာ ဧပြီ ၂၂

ကသာခရိုင် ကသာမြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ရတနာပျိုးခင်း မူကြိုကျောင်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၃ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းသစ်ရှေ့၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

အခမ်းအနားတွင် ရတနာပျိုးခင်း မူကြိုကျောင်းသစ်ကို ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်အေးအေးသိန်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်အေးသန္တာထွန်းနှင့် အမှတ်(၁) ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမများ မသုံးရ

သာပေါင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်တင် စာပေဟောပြောပွဲ ကျင်းပ

သာပေါင်း ဧပြီ ၂၂

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်တင်ခြင်းနှင့် သာရသစ္စာ အလင်္ကာစာဥယျာဉ်စာကြည့်တိုက်ဖွင့်ပွဲကို ဧပြီ ၆ ရက် ညနေ ၃ နာရီက သာပေါင်းမြို့ အား/ကာခန်းမ၌ ကျင်းပသည်။

ထို့နောက် ဧည့်သည်တော် စာရေးဆရာကြီးများနှင့် မြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌတို့က သာပေါင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဆိုင်းဘုတ်နှင့် သာရသစ္စာအလင်္ကာ စာဥယျာဉ်စာကြည့်တိုက်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဟောပြော

ညပိုင်းတွင် သာပေါင်းမြို့နယ် စာပေနှင့်ယဉ်ကျေးမှုကော်မတီ နှင့် World Vision တို့ ပူးပေါင်းကျင်းပသည့် စာပေဟောပြောပွဲ ကျင်းပရာ စာရေးဆရာများဖြစ်ကြသော အဏ္ဏဝါစိုးမိုး၊ နွမ်ဂျာသိုင်း၊ စာဆိုတေးရှင် ဂီတာဖေဝင်းတို့က စာပေ၊ ကဗျာ၊ အလင်္ကာနှင့် မြန်မာဂီတဆိုင်ရာ အကြောင်းအရာများကို ဟောပြောခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့)

ကျုံပျော်မြို့ သာယာလှပရေး ကပ်တုံးများ ပြုလုပ်

ကျုံပျော် ဧပြီ ၂၂

ကျုံပျော်မြို့ သာယာလှပရေးအတွက် မြို့အဝင် တံတိုင်ကျွန်း ပတ်လည်တွင် ကပ်တုံးများ ပြုလုပ်လျက်ရှိရာ ဧပြီ ၅ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်သိန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသန်းထွန်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း နှစ်ဦးအလှူ

မန္တလေး ဧပြီ ၂၃

မန္တလေးတိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၁ခုနှစ် မဟာသင်္ကြန်နှစ်ဦးကုသိုလ်အလှူအဖြစ် ရာသက်ပန်ငွေပဒေသာပင် စိုက်ထူခြင်းနှင့် စတုဒိသာကျွေးမွေးခြင်းကို ဧပြီ ၇ရက် နံနက်က ကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် မင်းကွန်းဘိုးဘွားရိပ်သာ၊ မြောက်ပြင် ဘိုးဘွားရိပ်သာ၊ ငါးစီးမိဘမဲ့ဂေဟာကျောင်း၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(မန္တလေး)၊ သံဃာ့ဆေးရုံ(ကန်တော်ကြီး)၊ တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာန၊ ကလေးပြုစုရေးဌာန၊ နားမကြားကျောင်း (စစ်ကိုင်းလမ်းခွဲ)၊ အေးရိပ်မွန် အမျိုးသမီးစောင့်ရှောက်ရေး (ကြည်ပြာ)၊ အမျိုးသမီးဖွံ့ဖြိုးတိုးတက်ရေး ဌာနများသို့ ရာသက်ပန်ငွေပဒေသာပင်များ လှူဒါန်းပြီး လမ်း ၈၀၊ ၂၅× ၂၆လမ်း ကြားရှိ တိုင်းဒေသကြီး မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းရုံးဝင်းအတွင်း၌ ရေခဲမုန့် စတုဒိသာကျွေးမွေးကြသည်။ **(အောက်ပုံ)**

အလားတူ ဧပြီ ၈ရက်တွင် ရွှေရင်အေးဖြင့်လည်းကောင်း၊ ဧပြီ ၁၁ ရက်တွင် ကြက်သားဒံပေါက်ဖြင့်လည်းကောင်း စတုဒိသာကျွေးမွေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ဧပြီ ၂၁ရက်က ဝက်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဦးညွန့်-ဒေါ်စန်းညွန့်၊ သား ဦးထင်အောင်-ဒေါက်တာမီမီအောင်ခင်၊ မြေး ဒေါက်တာသော်ထင်အောင် မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည်အလှူငွေ ကျပ်ငါးသိန်းလှူဒါန်းရာ ဆေးရုံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံယူစဉ်။

(ဇီဝိတဒါနဆေးရုံ)

အရန်မီးသတ်သင်တန်း ရေဦး၌ပို့ချ

ရေဦး ဧပြီ ၂၂

ရေဦးမြို့ပေါ် ရပ်ကွက်ငါးခုမှ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်ရေးအတွက် အရန်မီးသတ်သင်တန်းကို ဧပြီ ၅ ရက်က ရေဦးမြို့ ရဲတပ်ဖွဲ့ဗိမ္မာရုံခန်းမ၌ ဖွင့်လှစ်ပို့ချရာ ရေဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်မောင်ဆွေနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့မှူး ရဲကျော်စွာ ရဲဗလမျိုးအောင်နှင့် အရန်မီးသတ်တပ်ရင်းတပ်ခွဲမှူး ဦးတူးတို့က သင်တန်းပို့ချပေးခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၀၃၄)

ရထားပေါ် လိုက်ပါလာသူ ဝန်းသိုဘူတာအရောက် သေဆုံး

ဝန်းသို ဧပြီ ၂၂

ဖေဖော်ဝါရီ ၇ ရက် မွန်းလွဲ ၁ နာရီက မြစ်ကြီးနားမှ မန္တလေးသို့ ထွက်ခွာလာသော အမှတ်(၅၈)အစုန် လူစီးရထားမှ ရိုးရိုးတန်းတွဲ(၂) တွဲအမှတ် -BDFEZ 122118 တွင် ထိုင်ခုံမဲ့စီးလာသော ဝင်းအောင်(ဘ) ဦးလုံးအောင် အသက်(၂၅)နှစ် (တောင်သူ) မိချောင်းတက်ကျေးရွာ ကန္တီအုပ်စု ကျောက်ဖြူမြို့နယ်နေသူသည် စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုဘူတာအရောက်တွင် အဖျားရောဂါဖြင့် သေဆုံးသွားသောကြောင့် ဝန်းသို ရဲစခန်းမှ လိုအပ်သည်များကို အရေးယူ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (၀၉၂)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

အထူးစီမံကိန်းကြီးများသည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါသော စီမံကိန်းကြီးများဖြစ် လုပ်လက်စမပြီးပြတ်သေးသော လုပ်ငန်းများကို အမြန်ပြီးပြတ်အောင် ဖိဖိစီးစီးလုပ်ကိုင်

လုပ်ငန်းကိုပြီးလိုဇောနှင့် အလောတကြီးမလုပ်ဘဲ လုပ်နိုင်သော ငွေကြေးအတိုင်းအဆပေါ် ကြည့်ပြီးဆောင်ရွက်

နေပြည်တော် ဧပြီ ၂၃

အထူးစီမံကိန်းများအကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌနှင့် ဒုတိယသမ္မတများ ဖြစ်ကြသည့် သီဟသူရဦးတင်အောင်မြင့်ဦးနှင့် ဒေါက်တာစိုင်းမောက်ခမ်း၊ အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့်

စာမျက်နှာ ၄ ကော်လံ ၁ ●

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁) ညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)